# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၈) ရက် ၊ ကြာသပတေးနေ့ ၊ (30-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် မေ ၂၉**

မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၆ နှစ် သိက္ခာတော် ၇၆ ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာ **စာမျက်နှာ ၁၈ ကော်လံ ၁** သို့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။**


ထာဝရလှပသောအပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့်သွားများကို ဖြူဖွေးတောက်ပစေပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၁၄၄၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# ပုဂံဒေသရှိ ရှေးဟောင်းရေကန်များကို ရေရှည်တည်တံ့အောင်ထိန်းသိမ်း

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် နှစ်ပေါင်းထောင်ကျော်မကရှိသော ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းစေတီပုထိုးများကို တစ်စုတစ်ဝေးတည်း တစ်နေရာတည်းတွင် တွေ့နိုင်သည်။ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များတွင် ရှေးဟောင်းရေကန်များလည်း ပါဝင်သည်။

ပုဂံဒေသသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင်တည်ရှိပြီး မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကိုလေ့လာနိုင်ကာ စိတ်ဝင်စားစရာနေရာဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်လည်ပတ်ရာ နေရာတစ်ခုဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံ၏အညာဒေသ မိုးခေါင်ရေရှားပြီး ပူပြင်းခြောက်သွေ့သည့် အရပ်ဒေသဖြစ်သည်။ ထို့ကြောင့် အမြော်အမြင်ရှိသော အုပ်ချုပ်သူမင်းအဆက်ဆက်က ထိုဒေသတွင် ရေတွင်း၊ ရေကန်များကို တူးဖော်လှူဒါန်းမှုများပြုလုပ်ခဲ့ကြသည်။ ယခုအခါ အချိန်ကာလကြာမြင့်လာပြီဖြစ်သည့်အတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရေကန်များအနက် အများစုမှာပျက်စီးမှုများရှိလာသည့်အတွက် ရှေးဟောင်းရေကန်များကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြန်လည်ပြုပြင်ထိန်းသိမ်းလျက်ရှိသောနေရာများမှာ မြန်မာသက္ကရာဇ် ၄၅၀ ခုနှစ် ခရစ်နှစ် ၁၀၈၈ ခုနှစ် ပုဂံခေတ်ရှေးမြန်မာမင်းများလက်ထက်ကတည်းက ကျန်စစ်သားမင်းကြီး တည်ဆောက်ခဲ့သည့် မြကန်ရေလှောင်တမံ၊ ဖျောက်ဆိပ်ပင်ရွာအနီးရှိ ဖျောက်ဆိပ်ပင်ကန် အမှတ် (၁၊ ၂၊ ၃)၊ အရှေ့ဖွားစောရွာအနီးရှိ ဇေယျဝတီ(ဇေယျဝရီ)ကန်၊ အနောက်ဖွားစောရွာအနီးရှိ မင်္ဂလာကန် အမှတ်(၃)၊ ရွာဟောင်းကြီးရွာအနီးရှိ ရွာဟောင်းကြီးကန်နှင့်ရေတော်မုနိဘုရားအနီးရှိ ရေတော်မုနိကန်တို့ပါဝင်သည်။

ထိုသို့ဆောင်ရွက်ရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်များ၊ စံနှုန်းများနှင့်အညီ ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ပါဝင်သည်။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များကို ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရက စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပြီး ထာဝရကုသိုလ်ဖြစ်သည့် ရေကန်များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလိုသူ စေတနာရှင်ပြည်သူများအနေဖြင့်လည်း ပါဝင်လှူဒါန်းနိုင်ရေး နေ့စဉ်ထုတ်သတင်းစာများ၌လည်း နှိုးဆော်ထားရှိသည်။

၂၀၂၃ ခုနှစ်က မိုခါမုန်တိုင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံမှုများနှင့် ရှေးဟောင်းစေတီပုထိုးများအတွင်းသို့ ရေများဝင်ရောက်ကာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် သမိုင်းဝင်အမွေအနှစ်များ ထိခိုက်မှုမဖြစ်စေရေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သန့်ရှင်းသာယာလှပစေရေး ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုမရှိစေရန် ရေတွင်းရေကန်များ ရေဝင်ထွက်လမ်းကြောင်းများကို ထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရှေးဟောင်းရေတွင်းရေကန်များကို ပြန်လည်တူးဖော်ပြုပြင်ခြင်းအားဖြင့် ရေစီးရေလာကောင်းမွန်ပြီး ရေကြီးရေလျှံမှုလျော့နည်းခြင်း၊ ဒေသခံပြည်သူများသောက်သုံးရေဖူလုံစွာရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ပိုမိုကောင်းမွန်လာခြင်း၊ သဘာဝဘေးဒဏ်များကို တစ်ဖက်တစ်လမ်းက လျှော့ချပေးနိုင်ခြင်း စသောအကျိုးကျေးဇူးများရရှိစေမည်ဖြစ်သောကြောင့် ပုဂံဒေသရှိ ရှေးဟောင်းရေကန်များ ရေရှည်တည်တံ့အောင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာရှင်ပြည်သူများအနေဖြင့် ထာဝရကုသိုလ်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက် ရေပေါ်၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားစိုက်ထူပြသမှုပြီးစီး



**မန္တလေး မေ ၂၉**

ဧရာဝတီမြစ် မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက် ရေပေါ်၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား စိုက်ထူပြသမှုပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မေ ၁၂ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခု ၁၀၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခု ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခု ၂၀၀ စိုက်ထူပြသပေးလျက်ရှိရာ ယနေ့တွင် ရေပေါ်၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအားလုံး စိုက်ထူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခု ဧရာဝတီမြစ်ရေများချိန်ဖြစ်တဲ့အပြင် မြစ်ရေကလဲ တဖြည်းဖြည်းမြင့်တက်လာပါတယ်။ မြစ်ထဲမှာ မြစ်ရေတိုးလာတယ်ဆိုပေမဲ့ မြစ်အတွင်းသွားလာမဲ့ ခရီးသည်တင် ရေယာဉ်နဲ့ကုန်တင်ရေယာဉ်တွေအနေနဲ့ ရေလမ်းညွှန်ဌာနက စိုက်ထူပြသပေးထားတဲ့ ရေလမ်းညွှန်အမှတ်အသားတွေကို အထူးဂရုပြု သွားလာကြဖို့လိုပါတယ်" ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၆၁၇ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၆၁၅ စင်တီမီတာ၊ ရွှေကူမြို့တွင် စင်တီမီတာ ၄၄၀၊ ကသာမြို့တွင် ၃၉၉ စင်တီမီတာ၊ မန္တလေးမြို့တွင် ၃၆၇ စင်တီမီတာရှိကြောင်း သိရသည်။

အလားတူ ဧရာဝတီမြစ်ရေများချိန်ကာလ ဖြစ်သောကြောင့် ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေး-သဖန်းထောင့်-မြင်းမူ ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များအနေဖြင့်လည်း အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေးမြို့ရှိ ကျုံးအတွင်းရေသွင်းပေးနေသည့်ရေစစ်ကန်တွင် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်းများပြုလုပ်ပါက ဒဏ်ရိုက်အရေးယူမည်

**မန္တလေး မေ ၂၉**

မန္တလေးမြို့ရှိ ကျုံးအတွင်း ရေသွင်းပေးနေသည့် ရေစစ်ကန်တွင် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်းများပြုလုပ်ပါက ဒဏ်ရိုက်အရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ရေစစ်ကန်မှ ရေများကိုစစ်ကာ ကျုံးအတွင်း ရေသွင်းပေးလျက်ရှိရာ အဆိုပါရေစစ်ကန်အတွင်း ရေညစ်ညမ်းစေသည့် ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ ရေကူးခြင်း စသည့် စည်းကမ်းများ ဖောက်ဖျက်ပါက ဒဏ်ရိုက်အရေးယူမည်ဖြစ်ကြောင်း သိရသည်။

"အခုရေစစ်ကန်ကနေ ကျုံးအတွင်းရေသွင်းရင် ရေနီမြောင်းကတစ်ဆင့်သွင်းရပါတယ်။ ရေနီမြောင်းအတွင်းကိုလဲ အမှိုက်သရိုက်ပစ်တာတွေ၊ ရေဆင်းကူးတာတွေ မလုပ်ကြဖို့လိုပါတယ်။ ရေနီမြောင်းတစ်လျှောက်ကိုလဲ အကာအရံတွေ တပ်ထားပါတယ်။ ဒီရေစစ်ကန်က ရေတွေကိုသန့်စင်ပြီးတော့ မန္တလေးကျုံးအတွင်း ရေသွင်းပေးနေတယ်။ ကျုံးကနေတစ်ဆင့် အများပြည်သူအဆင်ပြေဖို့ ကျုံးရေကို ပိုက်လိုင်းတွေနဲ့ ပြန်ပြီးဖြန့်ဝေပေးတယ်။ ဒီလိုအရေးပါတဲ့ရေစစ်ကန်အတွင်းကို ရေညစ်ညမ်းစေမဲ့ အဝတ်လျှော်တာမျိုးတွေ၊ ရေဆင်းချိုးတာတွေ၊ ငါးမျှားတာတွေလုံးဝမလုပ်ကြဖို့လိုပါတယ်။ တကယ်လို့ သတ်မှတ်စည်းကမ်းလိုက်နာမှု မရှိဘဲ စည်းကမ်းဖောက်ဖျက်ရင် ထိထိရောက်ရောက် အရေးယူသွားမှာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

ထို့ပြင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ရေစစ်ကန်အတွင်း ရေညစ်ညမ်းစေသည့် စွန့်ပစ်အမှိုက်များပစ်ခြင်း၊ ငါးခိုးဖမ်းခြင်း၊ ငါးစာကျွေးခြင်းများနှင့် ရေဆင်းချိုးခြင်းများ တွေ့ရှိပါက ပြစ်မှုအမျိုးအစားပေါ် မူတည်၍ ငွေကျပ် ၅၀၀၀၀ မှ ၃၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံဒေသမှဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံဒေသမှထွက်ရှိပြီး ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ နယ်စုံဒေသမှထွက်ရှိသည့် ပန်းမုန်လာများသည် နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပန်းမုန်လာ ဈေးနှုန်းများမှာ တစ်ပွင့်လျှင် ငွေကျပ် ၁၅၀၀ မှ ၁၇၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာ ပန်းမုန်လာက နယ်စုံဒေသကထွက်ရှိလာပါတယ်။ ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ မြေပြန့်ဒေသက စိုက်ပျိုးထားပြီးထွက်ရှိလာတဲ့ပန်းမုန်လာတွေ ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်လာသလို အောင်ပန်းဒေသထွက်တဲ့ ပန်းမုန်လာတွေလဲ ဝင်ရောက်လာပါတယ်။ ကျန်သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ပိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ မုန်လာဥနီ၊ ကြက်သွန်နီ စတဲ့သီးနှံတွေလဲ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့.-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးမြို့နယ် မန်အိုင်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး မေ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်အိုင်ကျေးရွာအုပ်စု မန်အိုင်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသန္တာလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်း၊ ကာလသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (၄၀၄)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးကျော်–ဒေါ်ပုလဲ မိသားစုက ငွေကျပ် သိန်း ၂၄၀ တန် ကျောက်ကပ်ဆေးစက်တစ်လုံး လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်၊ ပါမောက္ခဒေါက်တာဦးတင်ထွဋ်၊ ဆရာကြီး ဦးတင်မောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# ယခုဘဏ္ဍာနှစ် ဧပြီလက ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မေ ၂၉**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလက ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကဏ္ဍက နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် အမေရိကန်ဒေါ်လာ သန်း ၁၁၀၀ ကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သော်လည်း လေကြောင်းနှင့်ကုန်းကြောင်းက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စရိတ်စက ကုန်ကျမှုများပြားသည့်အပြင် ကုန်ပစ္စည်းထိခိုက်ပျက်စီးမှုများလည်းရှိနိုင်ပြီး ရေကြောင်းဖြင့်ဆောင်ရွက်ရာတွင် ကုန်ပစ္စည်းအများအပြားကို သယ်ယူပို့ဆောင်ပေးနိုင်သည့်အပြင် ကုန်ကျစရိတ်နည်းပါးခြင်း၊ ကုန်ပစ္စည်းထိခိုက်မှုနည်းပါးခြင်း စသည့်အားသာချက်များစွာရှိနေကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါ နိုင်ငံတကာတွင် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းဖြင့် လုပ်ကိုင်ဆောင်ရွက်မှု ပိုမိုများပြားလာခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍမှာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍထက် ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်များပြားလာခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၇၅ ဒသမ ၆၈၃ သန်း ဆောင်ရွက်နိုင်ခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၆၂၅ ဒသမ ၄၁၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄၅၀ ဒသမ ၂၇၀ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၁၇၅ ဒသမ ၁၄၃ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# သာစည်မြို့နယ် မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ညောင်ရမ်းကျေးရွာအုပ်စု မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မိုးညှင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးညှင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၈ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၁ ဒသမ ၉၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၉ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါး ၇၉၃၃ ဧက ရိတ်သိမ်းပြီးစီး

**ငပုတော မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါး ၇၉၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် နွေစပါး ၇၉၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် နွေစပါးများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၇၉၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နွေစပါး တစ်ဧကလျှင် ၁၀၁ ဒသမ ၀၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ငပုတောမြို့နယ်အတွင်း နွေစပါးဧက ၇၉၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ နွေစပါးတွေအားလုံး ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ ရိတ်သိမ်းနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် အခုလို ရာနှုန်းပြည့် စိုက်ပျိုးနိုင်၊ ရိတ်သိမ်းနိုင်ခဲ့တာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးများ လျာထားဧကအားလုံး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ နွေစပါးများ အထွက်နှုန်းကောင်းရေး၊ အရည်အသွေးကောင်းရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဝက်မစွတ်နဝဒေး၏စာပေများ(၄)

ဗိုလ်ရှိတ်(ရတနာပူရ)

**စန္ဒာမုနိဘုရားမော်ကွန်း**

စန္ဒာမုနိဘုရားမော်ကွန်းသည် နဝဒေးရေးသားခဲ့သော ဒုတိယမြောက်မော်ကွန်းဖြစ်သည်။ အမရပူရမြို့ အနောက်မြောက်ဘက်တွင် ဘိုးတော်ဗဒုံမင်းတည်ထားခဲ့သော စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီးအကြောင်းကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ စန္ဒာမုနိရုပ်ရှင်တော်မြတ်သည် ကုန်းဘောင်ခေတ်ကာလတွင် အလွန်ဒေသစာရီများသော ရုပ်ပွားတော်ကြီးဖြစ်သည်။ ဒေသပြောင်းရွှေ့မှုများ မကြာခဏကြုံရသည်။ ထို့ကြောင့် မော်ကွန်းတစ်စောင်တစ်ဖွဲ့ရေးသားခဲ့သော စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီး၏သမိုင်းကို အကျဉ်းမျှဆိုပါမည်။

စန္ဒာမုနိရုပ်ရှင်တော်မြတ်သည် သံဖြင့်သွန်းလုပ်ထားသော ရုပ်တုတော်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် မင်းကွန်းတစ်ဖက်ကမ်း နန်းတော်ကျွန်း၌ စံတော်မူစဉ် နန်းတော်ကြီး၌ သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။ သက္ကရာဇ် ၁၁၆၄ ခုနှစ်တွင် သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။ သွန်းလုပ်ခဲ့သော သံပိဿာချိန်မှာ ၁၀၃၆၈ ပိဿာရှိသည်။ ရုပ်ပွားတော်ကြီးသွန်းလုပ်ပြီးစီးသောအခါတွင် ရုပ်ပွားတော်ကြီးကို နန်းတော်ကျွန်းမှ အမရပူရမြို့သို့ ပင့်ဆောင်ကာ အမရပူရမြို့အနောက်မြောက်မျက်နှာ စန္ဒာမုနိဘုရားနေရာ၌ လိုဏ်နှင့်တည်ထားကိုးကွယ်ခဲ့သည်။

ဘိုးတော်ဗဒုံမင်း၏မြေးတော် ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်သောအခါတွင် အင်းဝမြို့ကိုတည်၍ အမရပူရမြို့မှ အင်းဝမြို့သို့ပြောင်းရွှေ့ကာ စိုးစံခဲ့သည်။ ထိုအခါ ဘကြီးတော်စစ်ကိုင်းမင်းသည် စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီးကို အမရပူရမြို့မှ အင်းဝမြို့သို့ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ အင်းဝမြို့ မဟာမြတ်မုနိဘုရား၏ ရှေ့ဘက်တွင် ဘုံခုနစ်ဆင့်အုတ်ပြာသာဒ်နှင့်တည်ထားကိုးကွယ်ခဲ့သည်။ ထို့ကြောင့် အင်းဝမြို့ရှိ မဟာမြတ်မုနိစေတီကို စန္ဒာမုနိစေတီဟူ၍လည်း ခေါ်နေကြခြင်းဖြစ်သည်။ စန္ဒာမုနိစေတီဆိုသည်မှာ စန္ဒာမုနိရုပ်ပွားတော်ကြီးကိုအစွဲပြု၍ ခေါ်နေကြခြင်းဖြစ်သည်။ စေတီ၏မူလဘွဲ့မှာ မဟာမြတ်မုနိသာဖြစ်သည်။

ဘကြီးတော်စစ်ကိုင်းမင်း၏ညီတော် သာယာဝတီမင်း နန်းတက်သောအခါတွင် နေပြည်တော်ကို အင်းဝမြို့မှ အမရပူရမြို့သို့ပြန်ရွှေ့ပြန်သည်။ ထိုသို့ရွှေ့သောအခါတွင် နောင်တော်စစ်ကိုင်းမင်းပင့်ဆောင်ခဲ့သော စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီးကို အင်းဝမြို့မှ အမရပူရမြို့သို့ ပြန်လည်ပင့်ဆောင်ပြီး မူလဘိုးတော်ဗဒုံမင်းတည်ထားကိုးကွယ်ခဲ့သည့် လိုဏ်ဂူအတွင်းပြန်လည်တည်ထားကိုးကွယ်ခဲ့ပြန်သည်။

နောက်ဆုံး မင်းတုန်းမင်းလက်ထက်ရောက်သောအခါတွင် စန္ဒာမုနိရုပ်ပွားတော်ကြီးကို အမရပူရမြို့မှ မန္တလေးမြို့သို့ပင့်ဆောင်ကာ တည်ထားကိုးကွယ်ခဲ့ပြန်သည်။ မင်းတုန်းမင်းလက်ထက် ပြောင်းရွှေ့ခဲ့ခြင်းသည် စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီး၏ နောက်ဆုံးဒေသစာရီခရီးဖြစ်သည်။ မန္တလေးမြို့သို့ရောက်သောအခါ ရုပ်ပွားတော်ကြီးကို အခြားမည်သည့်နေရာမျှပြောင်းရွှေ့ခြင်းမပြုတော့ပေ။ မန္တလေးမြို့ရှိ စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်ရာနေရာသည် ယခုလူအများသိနေကြသော မန္တလေးမြို့ မန္တလေးတောင်ခြေအနီးရှိ စန္ဒာမုနိဘုရားနေရာပင်ဖြစ်လေသည်။ စန္ဒာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဒေသစာရီခရီးကိုကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပါမည်။

ပထမ - နန်းတော်ကျွန်း
ဒုတိယ - အမရပူရမြို့
တတိယ - အင်းဝမြို့
စတုတ္ထ - အမရပူရမြို့
ပဉ္စမ - မန္တလေးမြို့

ဝက်မစွတ်နဝဒေးသည် စန္ဒာမုနိဘုရားမော်ကွန်းကို သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင်စပ်ဆိုခဲ့သည်။ မော်ကွန်းအတွင်း၌ကား သက္ကရာဇ်၁၁၆၈ ခုနှစ်တွင် မော်ကွန်းစပ်ဆိုခဲ့ကြောင်း ဖော်ပြမထားပေ။ သို့သော် မော်ကွန်းစပ်ဆိုသည့်ခုနှစ်ကိုသွယ်ဝိုက်၍ ပိုဒ်ရေ ၁၆ တွင်-

"စကြာစင်စစ်၊ ရောက်သည့်နှစ်တွင်၊
ရှင်ချစ်သီရိ၊ စောမုနိကို၊
ကဝိလက္ခဏာ၊ မြန်မာချီငေါ်၊
သမိုင်းတော်နှင့်၊ စံမော်ကွန်းဆင်၊
လျှောက်ဦးတင်သော်" ဟူ၍ စကြာရောက်သည့်နှစ်တွင် စပ်ဆိုခဲ့ကြောင်း ဖော်ပြထားသည်။ စကြာဆိုသည်မှာ တင်စား၍ခေါ်သောအမည်ဖြစ်သည်။ ဆိုလိုရင်းမှာ နိဗ္ဗာနပစ္စယနာဂရာဇာဆင်ဖြူတော်ကိုဆိုခြင်းဖြစ်သည်။ ထို့ကြောင့် စကြာဟုတင်စားခေါ်သော ဆင်ဖြူတော်ရောက်သည့်နှစ်တွင် စန္ဒာမုနိဘုရားမော်ကွန်းကိုစပ်ဆိုခဲ့ကြောင်း သိရသည်။ ထိုသို့ဆိုလျှင် ဆင်ဖြူတော်ရောက်သောနှစ်မှာ မည်သည့်ခုနှစ်ဖြစ်သနည်း။ ထိုအဖြေအတွက် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ပြန်ကြည့်ရပါမည်။

**❖ ဝက်မစွတ်နဝဒေးသည် စန္ဒာမုနိဘုရားမော်ကွန်းကို သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် စပ်ဆိုခဲ့သည်။ မော်ကွန်းအတွင်း၌ကား သက္ကရာဇ် ၁၁၆၈ ခုနှစ်တွင် မော်ကွန်းစပ်ဆိုခဲ့ကြောင်း ဖော်ပြမထားပေ။ သို့သော် မော်ကွန်းစပ်ဆိုသည့်ခုနှစ်ကိုသွယ်ဝိုက်၍ ပိုဒ်ရေ ၁၆ တွင် "စကြာစင်စစ်၊ ရောက်သည့်နှစ်တွင်၊ ရှင်ချစ်သီရိ၊ စောမုနိကို၊ ကဝိလက္ခဏာ၊ မြန်မာချီငေါ်၊ သမိုင်းတော်နှင့်၊ စံမော်ကွန်းဆင်၊ လျှောက်ဦးတင်သော်" ဟူ၍ စကြာရောက်သည့်နှစ်တွင် စပ်ဆိုခဲ့ကြောင်း ဖော်ပြထားသည်။ စကြာဆိုသည်မှာ တင်စား၍ခေါ်သော အမည်ဖြစ်သည်။ ဆိုလိုရင်းမှာ နိဗ္ဗာနပစ္စယနာဂရာဇာဆင်ဖြူတော်ကို ဆိုခြင်းဖြစ်သည်။ ❖**

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဆင်ဖြူတော်ရောက်သည့်နှစ်ကို "သက္ကရာဇ် တထောင့်တရာ့ ခြောက်ဆဲ့ရှစ်ခု၊ ဟံသာဝတီမြို့တောင် နိဗ္ဗာန်ရွာရှေ့ ကွင်းသာယာအရပ်တွင် ဆင်ရံခြွေရွေပေါက်မတထောင်ကျော်ခြံရံလျက် ဗိုင်းဝါဂွမ်းကဲ့သို့ ကိုယ်အလုံးဖြူစင်နူးညံ့စွာသော ဆဒ္ဒန်အစစ်ဖြစ်သော ရတနာဆင်ဖြူတော်ကို တွေ့ကြိမ်ရသောကြောင့် စီးဆင်သုံးဆယ်ကျော်၊ လူသုံးထောင်ကျော်များနှင့် ဝန်းရံသည်တွင် အရံဆင်တထောင်ကျော်တို့ခွါ၍ ဆဒ္ဒန်ဆင်ဖြူတော်ကို အသာအယာဝန်းရံရမိသည်။ ထို့နောက် သက္ကရာဇ်တထောင့်တရာ့ခြောက်ဆဲ့ရှစ်ခု နတ်တော်လပြည့်ကျော် ခုနစ်ရက်နေ့တွင် အမရပူရမြို့တော်သို့ရောက်လာ၍ ထိုမှတစ်ဆင့် ဘိုးတော်ဘုရား ခေတ္တစံတော်မူရာ မင်းကွန်းအလယ်ကျွန်းသို့ရောက်လာသည်" ဟူ၍ဖြစ်သည်။ ထို့ကြောင့် စန္ဒာမုနိဘုရားမော်ကွန်းရေးဖွဲ့သည့်နှစ်မှာ သက္ကရာဇ် ၁၁၆၈ ခုနှစ်ဟု အတပ်သိရသည်။

ဤတွင်တစ်ခုထပ်မံ၍ သိရသည်မှာ စန္ဒာမုနိဘုရားမော်ကွန်းကို ရုပ်ပွားတော်ကြီးသွန်းပြီး လေးနှစ်အကြာမှ ဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။ ရုပ်ပွားတော်ကြီးကို နန်းတော်ကျွန်း၌ စတင်သွန်းလုပ်သည်မှာ သက္ကရာဇ် ၁၁၆၄ ခုနှစ်ဖြစ်သည်။ မော်ကွန်းကိုရေးဖွဲ့သည်မှာ သက္ကရာဇ် ၁၁၆၈ ခုနှစ်ဖြစ်သည်။ လေးနှစ်ကြာမှ ရေးစပ်ကာ ဘိုးတော်ဗဒုံမင်းအား ဆက်သခဲ့ခြင်းဖြစ်သည်။

စန္ဒာမုနိဘုရားမော်ကွန်းသည် ပိုဒ်ရေ ၁၆ ပိုဒ်ရှိသည်။ ပိုဒ်ရေ ၁၆ ပိုဒ်တွင် ပိုဒ်ရေ တစ်မှ ငါးထိသည် ဘိုးတော်ဗဒုံမင်း၏ ဘုန်းတော်ဘွဲ့၊ အမရပူရမြို့ဘွဲ့၊ မင်းကွန်းနန်းတော်ကျွန်းဘွဲ့တို့ကို စပ်ဆိုထားသည်။ ပိုဒ်ရေ ခြောက်မှစ၍ ပိုဒ်ရေ ၁၅ ထိသည် ရုပ်ပွားတော်ကြီးသွန်းလုပ်သည့် အကြောင်းများ၊ ရုပ်ပွားတော်ကြီးကြည်ညိုဖွယ်ကောင်းပုံ၊ ရုပ်ပွားတော်ကြီးအား စန္ဒာမုနိဘွဲ့ပေးပုံတို့ကို ဖော်ပြထားသည်။ နောက်ဆုံးပိုဒ်ရေ ၁၆ သည် မော်ကွန်းရေးဖွဲ့ရသည့်အကြောင်းနှင့် မော်ကွန်းရေးဖွဲ့ပြီးနှစ်၊ သူ၏ရရှိခဲ့သောဘွဲ့များအကြောင်းကို နိဂုံးချုပ်စပ်ဆိုထားသည်။

ဝက်မစွတ်နဝဒေးသည် စန္ဒာမုနိဘုရားမော်ကွန်းရေးရာတွင် အားနည်းချက်တချို့ကိုလည်း တွေ့ရသည်။ စန္ဒာမုနိဘုရားမော်ကွန်းသည် စန္ဒာမုနိဘုရားတည်ထားသွန်းလုပ်သည့်အကြောင်းကို ဖွဲ့ဆိုသောမော်ကွန်းဖြစ်သည်။ စန္ဒာမုနိဘုရားသွန်းလုပ်သည့်အကြောင်းနှင့်စပ်လျဉ်း၍ ပါရမည်ဖြစ်သည်။ သို့သော် မော်ကွန်းတွင် မပါပေ။ ဥပမာအားဖြင့် စန္ဒာမုနိဘုရားစတင်သွန်းသည့် နှစ်၊ ရုပ်ပွားတော်ကြီးသွန်းလုပ်ရာတွင် ပါဝင်သည့် ရွှေ၊ ငွေ၊ သံ စသည့် သတ္တုပစ္စည်းများ၊ ရုပ်ပွားတော်ကြီး၏ အလေးချိန်၊ ရုပ်ပွားတော်ကြီး၏ အတိုင်းအတာအရွယ်အစား၊ သွန်းလုပ်ရာတွင် ပါဝင်ကြီးကြပ်ရသူ၊ ပါဝင်သည့်အင်အား စသည်တို့မပါပေ။ ပါသင့်သည့်အကြောင်းအရာများပင်ဖြစ်သည်။ ၎င်းမှာ မော်ကွန်း၏ အားနည်းချက်ပင်ဖြစ်သည်။ မော်ကွန်းတွင်ကား ဘုန်းတော်ဘွဲ့နှင့်ရုပ်ပွားတော်ကြီး၏ ကြည်ညိုစရာကောင်းပုံတို့ကိုသာ ဦးစားပေးရေးဖွဲ့ထားသည်သာများသည်။

**မော်ကွန်းရေးမှ နဝဒေးဘွဲ့ရသလော**

ဤတွင် ဝက်မစွတ်နဝဒေး နဝဒေးဘွဲ့ရပုံကိုဖော်ပြချင်ပါသေးသည်။ "ကဗျာ့ သေတ္တုရှေးဟောင်းကဗျာညွန့်ပေါင်းကျမ်း"တွင် စန္ဒာမုနိဘုရားမော်ကွန်းကို ဖော်ပြထားပြီး မော်ကွန်းအဆုံး၌ "ရွာဝေးရွာသူကြီးမောင်နုအား ၎င်းစန္ဒာမုနိဘုရားရှင်မော်ကွန်းကို စီကုံးဆက်သရာတွင် နဝဒေးဘွဲ့နှင့်သံတော်ဆင့်ခန့်၍ ဝက်မစွတ်မြို့ကို ပေးတော်မူသည်" ဟူ၍ ပါရှိသည်။ ထိုအမှတ်အသားကိုအစွဲပြုပြီး ဝက်မစွတ်နဝဒေးသည် စန္ဒာမုနိဘုရားမော်ကွန်းရေးသားဆက်သွင်းမှ နဝဒေးဘွဲ့ရကြောင်း ရေးသားလာကြသည်။

တချို့ကလည်း မှော်ဘီဆရာသိန်း၏ မြန်မာပညာရှိကြီးများအကြောင်း စာအုပ်တွင် "၁၁၆၀ ပြည့်နှစ် ပုခန်းမင်းနှင့်ရွှေကူမင်းသမီးလက်ထပ်ရတု ပိုဒ်စုံကိုဆက်သည်။ နောက် မင်္ဂလာရတုကဗျာမော်ကွန်းရေးသည်နှင့် ရေကြည်ရွာမှအပြန်တွင် နဝဒေးဘွဲ့သနားသည်ကိုခံရသည်"ဟူသောအမှတ်အသားကို ကိုင်စွဲပြီး ၁၁၆၀ ပြည့်နှစ်တွင် နဝဒေးဘွဲ့ရသည်ဟု ဆိုကြသည်။ ဤသို့ဖြင့် ပညာရှင်များကြား အမှတ်အသားကွဲလာသည်။ မှော်ဘီဆရာသိန်း၏ဖော်ပြချက်များသည် ယေဘုယျဆန်သည်၊ တိတိကျကျမဟုတ်ပေ။ စန္ဒာမုနိဘုရားမော်ကွန်းရေးသားဆက်သွင်း၍ နဝဒေးဘွဲ့ရသည်ဟူသော အမှတ်အသားသည် တိတိကျကျဆိုထားပေသည်။ ထိုသို့ နဝဒေးဘွဲ့ရရှိခဲ့သည့် အဆိုအမိန့်နှစ်ရပ်ကွဲပြားနေသည်ကို ဆရာတော်ရွှေကိုင်းသားက အရပ်ရပ်အထောက်အထားများဖြင့် အကိုးအကားပြုကာ ရှင်းလင်းတင်ပြထားသည်မှာ မှတ်သားဖွယ်ကောင်းသလို သင့်လျော်မှုလည်းရှိသည်။ ဆရာတော်ရွှေကိုင်းသား၏ ရှင်းလင်းတင်ပြချက်မှာ "နဝဒေးကိုယ်တိုင်ဖွဲ့ဆိုခဲ့သော မော်ကွန်းသံပိုင်းများအရ ၁၁၆၈ ခုနှစ်ရေး စန္ဒာမုနိဘုရားမော်ကွန်းတွင် ပထမတွေ့ရှိရခြင်းပင်ဖြစ်လေသည်။ ထို့နောက် သက္ကရာဇ်အားဖြင့် ဝိလာသိနီမော်ကွန်း၊ ဗာဝရီမော်ကွန်း၊ ရဲတင်းမော်ကွန်းများတွင် နဝဒေးအမည်ကိုတွေ့ရှိရသည်။ ထို့ပြင် ယသပါဒတလေတိလောကကျံသဥ္စရာစရံဟု ဂါထာအစရှိသော မန်းစက်တော်အထက်ခေါင်းလောင်းစာနှင့် အောက်ခေါင်းလောင်းစာသံပိုင်းတို့တွင်လည်း "အမရကြဋ္ဌန်း၊ ထွတ်ထိပ်ပန်း၏၊ ရွှေနန်းရိပ်စည်၊ မျှုးမတ်ရည်တွင်၊ စံသည်နတ်လေး၊ နဝဒေးဟု၊ ရွှေရေးစရာ၊ ထိုမဟာကား"ဟူ၍ ရေးထိုးပါရှိကြောင်းကို အာသံနိုင်မော်ကွန်းအဖြေရေးသားသူ ဟံသာဝတီဦးဘရင်၏ နိဒါန်းစကားအရ သိရှိရပါသေးသည်။ အရပ်ရပ်တွေ့ရှိချက်များအရ သက္ကရာဇ် ၁၁၆၈ ခုနှစ်ထက်စောပြီး နဝဒေးဘွဲ့အမည်ကို မတင်ပြနိုင်မီတွင် ထိုသက္ကရာဇ် ၁၁၆၈ ခုနှစ်ကိုသာ နဝဒေးဘွဲ့ရရှိသောနှစ်အဖြစ်ဖြင့် ယာယီအားဖြင့်လက်ခံထားသင့်သည်ဟု ထင်မြင်ယူဆမိသည်။ သက္ကရာဇ် ၁၁၆၈ ခုနှစ်ကို ဗဟိုထားပြီး ဦးနု၏အသက်ကိုတွက်ယူလျှင် ၅၀၊ ၅၁ နှစ်တွင် နဝဒေးဘွဲ့ ခံယူရရှိသည်ဟု ဆိုရန်ရှိပါသည်" ဟူ၍ဖြစ်သည်။

သို့ဖြစ်သောကြောင့် နဝဒေးဘွဲ့ကို သက္ကရာဇ် ၁၁၆၈ ခုနှစ် စန္ဒာမုနိဘုရားရေးသားဆက်သွင်း၍ ရသည်ဟူသောအဆိုကို ယာယီအားဖြင့်လက်ခံထားသင့်သည်။

**မုနိရှစ်ဆူမော်ကွန်း**

နဝဒေးသည် စန္ဒာမုနိဘုရားမော်ကွန်းကိုစပ်ဆိုပြီးလျှင် မုနိရှစ်ဆူမော်ကွန်းကိုစပ်ဆိုခဲ့ဟန်ရှိသည်။ မုနိရှစ်ဆူမော်ကွန်းစပ်ဆိုခဲ့သည့်နှစ်ကို တိတိကျကျမသိရပါ။ ဘိုးတော်ဗဒုံမင်းလက်ထက်စပ်ဆိုခဲ့သည်ဟုဆိုကြသည်။ မုနိရှစ်ဆူမော်ကွန်းသည် အခြားမော်ကွန်းများကဲ့သို့ ပိုဒ်ရေများစွာမပါရှိဘဲ တစ်ပိုဒ်တည်းသာဖွဲ့ဆိုထားသည့် ဧကပိုဒ်မော်ကွန်းဖြစ်သည်။ "မုနိရှစ်ဆူ၊ မော်ကွန်းထူပိမ့်" ဟူသောစကားဖြင့် အစချီထားသည်။ မုနိရှစ်ဆူမော်ကွန်းသည် ဘာသာရေးစာပေများတွင် တွေ့ရသော မုနိဘွဲ့ခံစေတီများနှင့်မြန်မာ့သမိုင်းတွင် တွေ့ရသော မုနိဘွဲ့ပါစေတီများအကြောင်းကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မုနိရှစ်ဆူပါစေတီအကြောင်းကို မှတ်တမ်းတင်ဖွဲ့ဆိုထားသည်။

ထိုမုနိရှစ်ဆူမှာ-

၁။ ဒုဿမုနိ
၂။ စူဠာမုနိ
၃။ သကျမုနိ
၄။ စိန္တာမုနိ
၅။ ရာဇမုနိ
၆။ လောကာမုနိ
၇။ မဟာမုနိ(မန္တလေးမဟာမုနိရုပ်ရှင်တော်)
၈။ စန္ဒာမုနိ(အမရပူရစန္ဒာမုနိဘုရား)တို့ဖြစ်သည်။

မုနိရှစ်ဆူမော်ကွန်းကို မှော်ဘီဆရာသိန်း၏ ပေါရာဏဒီပနီကျမ်း၌ ကြည့်နိုင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒ့ါအပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၄၀၀ ရိတ်သိမ်းပြီးစီး



**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၄၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ဧက ၂၄၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ခင်းများကို မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) တစ်ဧကလျှင် ၁၀ ဒသမ ၄၂ တင်းထွက်ရှိကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုက်ဆန်လျှော် ဧက ၂၄၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ပိုက်ဆန်လျှော် စိုက်ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုက်ဆန်လျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးတဲ့လုပ်ငန်းတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုစိုက်ပျိုးထားတဲ့ ပိုက်ဆန်လျှော်က မိုးရာသီမှာမြေဩဇာအဖြစ် ပြန်လည်အသုံးပြုဖို့အတွက်ပါ"ဟု ဦးဝင်းစိုးက ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို စိုက်ပျိုးပြီး မြေဩဇာအစားထိုးပြန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာများအသုံးပြုရမှုကို လျော့နည်းခြင်း၊ ဓာတုဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုသက်သာခြင်း၊ စပါးစိုက်ပျိုးသည့်အခါ ထည့်သွင်းစိုက်ပျိုးပါက စပါးများဖြစ်ထွန်းအောင်မြင်ခြင်း၊ စပါးအရည်အသွေးကောင်းမွန်ခြင်း၊ စားသုံးသီးနှံများ ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများစားသုံးလာနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောင်းတော်ဆီသို့

\- ကျောင်းနေအရွယ် ကလေးများ
ကျောင်းသွားစို့ လာကြကွယ်၊
စာကဗျာ တတွတ်တွတ်နဲ့
ရွတ်ဖတ်ပျော်ဖွယ်၊
သီချင်းလည်း ဆိုစေတယ်
ကစားမယ် နည်းစုံထူး၊
စည်းဝါးညီ ဂီတဖက်လို့
သွက်လက်ရွှင်မြူး။

\- ဆေးရောင်ခြယ် ပုံတွေကူးတော့
ဉာဏ်ကွန့်မြူး အနုစိတ်ဝင်၊
စာကဗျာ စီကုံးရေးဖို့
ဆွေးနွေးတိုင်ပင်၊
ကျောင်းစာဖက် နှစ်သက်မင်
ကျက်မှတ်အစဉ် လံ့လပွား၊
ရည်မှန်းရာ ပန်းတိုင်သို့
လှမ်းဖို့ကြိုးစား။

\- မိဘဆရာ အစဉ်လေးစား
ရိုးသားလို့ ကြိုးစားပါ၊
ပညာဂုဏ် ပြည့်ကြွယ်ဝ
နှလုံးလှမှာ၊
ယဉ်ကျေးတဲ့ တို့မြန်မာ
ရတနာမျိုးဆက်သွေး၊
အဖိုးတန်
အမျိုးမှန် ပုံဖော်သွန်းမယ်
(ကျောင်းတော်သို့လေ. . .)
ယွန်းကြစို့လေး။ ။

**စန်းထက်(ဖန်ခါးမြေ)**

# မိုင်းရယ်မြို့နယ် နားခိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မိုင်းရယ် မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားခိုကျေးရွာအုပ်စု နားခိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် တာဝန်ရှိသူများက မိုင်းရယ်မြို့နယ် နားခိုကျေးရွာအုပ်စု နားခိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြစိမ်းရောင်စီမံကိန်းဆိုင်ရာ လစဉ်ဖြည့်သွင်းရေးဆွဲရမည့် စာရင်းဇယားများ ဖြည့်သွင်းရေးဆွဲထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အသင်းသား၊ အသင်းသူများကို မှာကြားခဲ့ကြောင်း သိရသည်။

မိုင်းရယ်မြို့နယ် နားခိုကျေးရွာအုပ်စု နားခိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၉ ဦးကို ငွေကျပ် ၄၉၅ သိန်း ထုတ်ချေးပေးထားပြီး အဆိုပါချေးငွေဖြင့် ကျေးရွာရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လယ်ဝေးမြို့နယ် ကြို့တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လယ်ဝေး မေ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့တန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကြို့တန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၀ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၅ ဦးကို ငွေကျပ် ၅၀ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## တောင်အာဖရိကတွင် အထွေထွေရွေးကောက်ပွဲကျင်းပ မဲဆန္ဒရှင်ပြည်သူများပါဝင်မဲပေး

**ဂျိုဟန်နက်စဘတ် မေ ၂၉**

တောင်အာဖရိကနိုင်ငံ၌ ယနေ့တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ရာ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးခဲ့ကြသည်။

ယနေ့ အထွေထွေရွေးကောက်ပွဲတွင် တောင်အာဖရိကပြည်သူများသည် ပြည်နယ်လွှတ်တော်ကိုးခုနှင့် အမျိုးသားလွှတ်တော်သစ်တို့အတွက် အမတ်သစ်များရွေးချယ်ပေးကြရမည်ဖြစ်သည်။

လူထုဆန္ဒ သဘောထားကောက်ခံမှုရလဒ်များအရ ယနေ့ အထွေထွေရွေးကောက်ပွဲ၌ လက်ရှိအာဏာရပါတီဖြစ်သည့် အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီ(အေအင်န်စီ)အနေဖြင့် ထောက်ခံမဲရာနှုန်း ၅၀ ရာခိုင်နှုန်းအောက်သာရရှိနိုင်ကြောင်း သိရသည်။

အဆိုပါခန့်မှန်းချက် မှန်ကန်ခဲ့ပါက အေအင်န်စီပါတီသည် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် လွှတ်တော်ကိုအမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်း လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။

တောင်အာဖရိက အထွေထွေရွေးကောက်ပွဲတွင် စုစုပေါင်း လူဦးရေ ၆၂ သန်းအနက် ၂၇သန်းတို့ပါဝင်မဲပေးမည်ဖြစ်သည်။

ရွေးကောက်ပွဲပြီးဆုံးပြီး ခုနစ်ရက်အကြာတွင် ရွေးကောက်ပွဲနောက်ဆုံးမဲရလဒ်များကို တောင်အာဖရိကရွေးကောက်ပွဲကော်မရှင်က ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ပါကစ္စတန်၌ ခရီးသည်တင်ဘတ်စကား တောင်အောက်ထိုးကျ အနည်းဆုံး လူ ၂၈ ဦးသေဆုံး၍ ဦးရေ ၂၀ ဒဏ်ရာရရှိ

**အစ္စလာမ်မာဘတ် မေ ၂၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းအဝေးပြေးလမ်းတစ်လမ်းပေါ်၌ ယနေ့တွင် အရှိန်ဖြင့်မောင်းနှင်လာသည့် ခရီးသည်တင်ဘတ်စကားတစ်စီး ကျောက်သားတောင်ကြားအောက် ထိုးကျခဲ့ရာ အနည်းဆုံး လူပေါင်း ၂၈ ဦးသေဆုံး၍ ဦးရေ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါခရီးသည်တင်ဘတ်စကားမတော်တဆမှုသည် ဘလူချီစတန်ပြည်နယ် ဝါရှက်ခ်မြို့အနီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းခရီးသည်တင်ဘတ်စကားသည် အဝေးပြေးလမ်းပေါ်၌ မောင်းနှင်နေစဉ်အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ချောက်နက်အတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်မတော်တဆမှုအတွင်း ဒဏ်ရာရရှိသူများအနက် အချို့မှာအခြေအနေစိုးရိမ်ရကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယနေ့ခရီးသည်တင်ဘတ်စကားမတော်တဆမှုအတွင်း သေဆုံးခဲ့ရသူ၊ ဒဏ်ရာရရှိသူများအတွက် စိတ်မကောင်းဖြစ်ရကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က ပြောကြားထားသည်။

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် ဘေးအန္တရာယ်လုံခြုံရေးစည်းမျဉ်းများ လိုက်နာမှုအားနည်းသည့် ပါကစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှုများ ပုံမှန်ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## ကိုယ်ရံတော်ဟောင်း အလက်ဆီဒီယူမင်ကို နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ် သမ္မတပူတင်ခန့်အပ်



**မော်စကို မေ ၂၉**

ရုရှားသမ္မတပူတင်သည် ၎င်း၏ကိုယ်ရံတော်ဟောင်း အလက်ဆီဒီယူမင်ကို နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ် ယနေ့တွင်ခန့်အပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်ကောင်စီသည် ရုရှားသမ္မတများ၏ အကြံပေးအဖွဲ့ဖြစ်ပြီး ရုရှားနိုင်ငံ၌ နိုင်ငံရေးဩဇာကြီးမားသည့်အဖွဲ့အစည်းလည်းဖြစ်သည်။

ရုရှားသမ္မတပူတင်သည် မေ ၇ ရက်တွင် သမ္မတရာထူးသက်တမ်းသစ်အတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက် ဒီယူမင်ကို ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာအထူးအကြံပေးအဖြစ် တာဝန်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် သမ္မတပူတင်က ယနေ့တွင်ထုတ်ပြန်ခဲ့သော ကြေညာချက်အရ ဒီယူမင်ကိုနိုင်ငံတော်ကောင်စီအတွင်းရေးမှူးရာထူးကိုပါ ပေးအပ်ထားကြောင်း သိရသည်။

အသက် ၇၁ နှစ်အရွယ် ရုရှားသမ္မတပူတင်သည် ဒီယူမင်ကို ၎င်း၏နေရာအားဆက်ခံနိုင်မည့်သူအဖြစ် ရှုမြင်ထားဖွယ်ရှိကြောင်း လေ့လာသူအချို့က သုံးသပ်ထားသည်။

သို့သော် သမ္မတပူတင်ကိုယ်တိုင်အနေဖြင့် ၎င်း၏အရိုက်အရာအားဆက်ခံမည့်သူနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## နော်ဝေ၊ စပိန်နှင့် အိုင်ယာလန်နိုင်ငံတို့က ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြု

**မက်ဒရစ် မေ ၂၉**

စပိန်၊ အိုင်ယာလန်နှင့်နော်ဝေနိုင်ငံတို့သည် ပါလက်စတိုင်းဒေသကို လွတ်လပ်သည့်ပါလက်စတိုင်းနိုင်ငံအဖြစ် မေ ၂၈ ရက်တွင်စတင်အသိအမှတ်ပြုလိုက်ပြီဖြစ်သည်။

ပါလက်စတိုင်းအား လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံအဖြစ် စတင် အသိအမှတ်ပြုကြောင်းကို စပိန်၊ နော်ဝေနှင့် အိုင်ယာလန်ခေါင်းဆောင်များက မေ ၂၈ ရက်တွင် ကြေညာခဲ့ကြသည်။




ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းအားဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းကို အထောက်အကူ ပေးနိုင်ကြောင်း စပိန်ဝန်ကြီးချုပ်ပက်ဒရိုဆန်းချက်ဇ်က မေ ၂၈ ရက်ရုပ်သံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

စပိန်၊ နော်ဝေနှင့် အိုင်ယာလန်တို့၏ မေ ၂၈ ရက် ကြေညာချက်ကြောင့် ပါလက်စတိုင်းကိုလွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအရေအတွက်မှာ ၁၄၆ နိုင်ငံထိ ရှိလာခဲ့ပြီဖြစ်သည်။

စပိန်၊ နော်ဝေနှင့် အိုင်ယာလန်တို့၏ မေ ၂၈ ရက်ကြေညာချက်များကို ပါလက်စတိုင်းတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသော်လည်း အစ္စရေးအစိုးရက ဝေဖန်ရှုတ်ချခဲ့သည်။

အခြားသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့်လည်း ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုကြရန် စပိန်၊ နော်ဝေနှင့်အိုင်ယာလန်ခေါင်းဆောင်များကတိုက်တွန်းထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဂါဇာယာယီရေပေါ်ဆိပ်ခံတံတား ရာသီဥတုဒဏ်ကြောင့် ထိခိုက်ပျက်စီး

**နယူးယောက် မေ ၂၉**

ဂါဇာကမ်းမြောင် ကမ်းရိုးတန်း၌ထားရှိသည့် အမေရိကန်စစ်ဘက် ယာယီရေပေါ်ဆိပ်ခံတံတားမှာ တံတားအစိတ်အပိုင်းတစ်ခု ပြုတ်ထွက်ခဲ့မှုကြောင့် ပြန်လည်ပြင်ဆင်ရမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အစိတ်အပိုင်းတစ်ခုပြုတ်ထွက်ခဲ့ပြီးနောက် အဆိုပါယာယီရေပေါ်ဆိပ်ခံတံတားကို အစ္စရေးနိုင်ငံသို့ ပို့ဆောင်၍ ပြန်လည်ပြင်ဆင်ရန် အမေရိကန်စစ်ဘက်က စီစဉ်ထားသည်။

အဆိုပါ ယာယီရေပေါ်ဆိပ်ခံတံတားသည် ဂါဇာကမ်းမြောင်သို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးပို့မှုမြှင့်တင်ရန် သမ္မတဂျိုးဘိုင်ဒင်၏ညွှန်ကြားချက်ဖြင့်တည်ဆောက်ခဲ့သော ယာယီရေပေါ်ဆိပ်ခံတံတားဖြစ်ကြောင်း သိရသည်။

၎င်းဆိပ်ခံတံတားကို အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀ခန့်ကတည်ဆောက်ခဲ့ရပြီး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာသန်း ၃၂၀ထိရှိခဲ့သည်။

ပျက်စီးသွားသည့် ရေပေါ်ယာယီဆိပ်ခံတံတားကို အစ္စရေးနိုင်ငံဘက်ရှိဒေ့ါဆိပ်ကမ်းသို့လာမည့် ၄၈ နာရီအတွင်း ဆွဲသင်္ဘောများဖြင့် ဆွဲယူသွားမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂါဇာကမ်းရိုးတန်းကမ်းလွန်၌ ရာသီဥတု ဆိုးရွားနေမှုကြောင့် ယာယီရေပေါ်ဆိပ်ခံတံတားအစိတ်အပိုင်း ပြုတ်ထွက်ခဲ့ခြင်းဖြစ်နိုင်သည်ဟု အမေရိကန်စစ်ဘက်က သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ အောင်မြင်စွာလွှတ်တင်ခဲ့




**ဝါရှင်တန် မေ ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်းကို မေ ၂၈ ရက်ကအောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၃ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့် အကြာတွင် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံက သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မေ ၂၈ ရက် မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၅၃ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၃၇ ကြိမ်မြောက် စတားလင့်ခ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း စတားလင့်ခ်မစ်ရှင်များအပါအဝင် အာကာသ မစ်ရှင်ပေါင်း ၁၅၀ ခန့်ထိ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၈၆ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းမှခွာထွက်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**မော်စကို မေ ၂၉**

ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၈၆ အာကာသကုန်တင်ယာဉ်သည် မေ ၂၈ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှခွာထွက်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ်-၈၆ အာကာသကုန်တင်ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် ပစိဖိတ်သမုဒ္ဒရာအထက် ဝေဟင်အတွင်း လောင်ကျွမ်းပြိုကွဲခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၈၆ အာကာသကုန်တင်ယာဉ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားကုန်ပစ္စည်းများ စုစုပေါင်းကီလိုဂရမ် ၂၅၄၀ ထိ သယ်ဆောင်သွားခဲ့သည်။



ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၈၈ အာကာသကုန်တင်ယာဉ်ကို မေ ၃၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။


ပရိုဂရက်စ်-၈၆ အာကာသကုန်တင်ယာဉ်ပြန်လည်ခွာထွက်ခဲ့ပြီးနောက် နိုင်ငံတကာအာကာသစခန်း၌ အာကာသယာဉ်လေးစင်း ဆက်လက်ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်အာကာသယာဉ်မှူးနှစ်ဦး အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ လုပ်ငန်းတာဝန်များဆောင်ရွက်ခဲ့

**ပေကျင်း မေ ၂၉**

တီယန်ကောင်းအာကာသစခန်းမှ တရုတ်အာကာသယာဉ်မှူးနှစ်ဦး




သည် အာကာသစခန်းပြင်ပသို့ မေ ၂၈ ရက်တွင် ထွက်ခွာ၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တရုတ် အာကာသယာဉ်မှူးနှစ်ဦး၏ အာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ၈ ဒသမ ၅ နာရီခန့်ထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၁၈ အာကာသယာဉ်မှူး နှစ်ဦးပြုလုပ်ခဲ့သော မေ ၂၈ ရက် အာကာသစခန်းပြင်ပထွက်ခွာမှုသည် တရုတ်အာကာသယာဉ်မှူးများပြုလုပ်ခဲ့ဖူးသမျှ အချိန်အကြာမြင့်ဆုံး အာကာသစခန်းပြင်ပထွက်ခွာမှုဖြစ်သည်။

ထို့ပြင် မေ ၂၈ ရက် အာကာသစခန်းပြင်ပထွက်ခွာမှုသည် ရှန်ကျိုး-၁၈ အာကာသယာဉ်မှူးများအတွက် ပထမဆုံး အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

တရုတ် အာကာသအေဂျင်စီသည် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသော ရှန်ကျိုး-၁၈ အာကာသလူသယ်ယာဉ်ကို ယခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်အာကာသယာဉ်မှူးများသည် ၂၀၀၈ ခုနှစ်မှစ၍ လက်ရှိအချိန်တွင် အာကာသဟင်းလင်းပြင်အတွင်း ထွက်ခွာမှုပေါင်း ၁၆ ကြိမ်ထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## မီးဖွားစဉ် ခါးအောက်ပိုင်းထုံဆေးထိုးနှံမှုက မိခင်လောင်းများ၌ ကလေးမွေးဖွားပြီးနောက် နောက်ဆက်တွဲကျန်းမာရေးပေါ် နိုင်ခြေလျှော့ချနိုင်

**လန်ဒန် မေ ၂၉**

ကလေးမွေးဖွားစဉ်အတွင်း ခါးအောက်ပိုင်းထုံဆေး (Epidurals) ထိုးနှံမှုသည် မိခင်လောင်းများ၌ ကလေးဖွားမြင်ပြီးနောက်ပိုင်း နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း မေ ၂၈ ရက်သတင်းများအရ သိရသည်။

မီးဖွားစဉ်အတွင်း နာကျင်မှုသက်သာစေရန် ခါးအောက်ပိုင်းထုံဆေးထိုးနှံခဲ့သူ မိခင်လောင်းများတွင် မီးဖွားပြီးနောက်ပိုင်း၌ ဗက်တီးရီးယားကြောင့် သွေးအဆိပ်သင့်မှု (Sepsis) မှသည် နှလုံးရုတ်တရက်ဖောက်မှုထိပါဝင်သော ကျန်းမာရေးပြဿနာအမျိုးမျိုးဖြင့် ရင်ဆိုင်ရနိုင်ခြေ ပိုနည်းပါးကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြားကာလအတွင်း မီးဖွားခဲ့ကြသည့် အမျိုးသမီး ၅၆၇၂၁၆ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ မီးဖွားစဉ် ခါးအောက်ပိုင်း ထုံဆေးထိုးနှံခဲ့သူ အမျိုးသမီးများသည် ထိုးနှံမှုမရှိခဲ့သူ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက မီးဖွားပြီးနောက်ပိုင်း နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများပေါ်လာနိုင်ခြေ ပိုနည်းသည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ မီးဖွားစဉ်ကာလ ခါးအောက်ပိုင်း ထုံဆေးထိုးနှံမှုသည် မီးဖွားပြီးနောက်ပိုင်း ကျန်းမာရေး ပြဿနာများရင်ဆိုင်ရနိုင်ခြေ ၃၅ ရာခိုင်နှုန်း ကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## HPV ပိုင်းရပ်ကာကွယ်ဆေးက အမျိုးသားများကြား ကင်ဆာရောဂါများဖြစ်ပွားမှုကို လျှော့ချပေးနိုင်

**နယူးယောက် မေ ၂၉**

Human Papilloma Virus (HPV) ဗိုင်းရပ်ကာကွယ်ဆေးသည် အမျိုးသားများကြား HPV ဗိုင်းရပ်နှင့် ဆက်စပ်နေသော ကင်ဆာရောဂါများ ဖြစ်ပွားမှုကို လျှော့ချပေးနိုင်ကြောင်း မေ ၂၈ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ HPV ဗိုင်းရပ်ကာကွယ်ဆေးထိုးနှံထားသူ အမျိုးသားများ၌ HPV ဗိုင်းရပ်နှင့် ဆက်စပ်နေသော ကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေမှာ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

HPV ဗိုင်းရပ်ကာကွယ်ဆေးများသည် အမျိုးသမီးများကြား HPV ဗိုင်းရပ်နှင့် ဆက်စပ်နေသည့် သားအိမ်ကင်ဆာရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ခဲ့ကြောင်း သိရသည်။

ထိုနည်းတူ HPV ဗိုင်းရပ်ကာကွယ်ဆေးသည် အမျိုးသားများအတွက်လည်း HPV ဗိုင်းရပ်နှင့် ဆက်စပ်နေသော ကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမျိုးသားများတွင် HPV ဗိုင်းရပ်ကြောင့် လည်ပင်းကင်ဆာနှင့် လိင်အင်္ဂါပိုင်းကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# လာလီဂါတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်ကစားသမား ဘယ်လင်ဟမ်ရရှိ

**မက်ဒရစ် မေ ၂၉**

လာလီဂါတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းအား ၃၆ ကြိမ်မြောက် လာလီဂါဆုဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၀ ရှိ ဘယ်လင်ဟမ်သည် တစ်နှစ်တာအကောင်းဆုံးဆုအတွက် အသင်းဖော်ကစားသမား ဗင်နီစီးယက်စ်၊ အေတီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ဂျီရိုနာတိုက်စစ်မှူး ဒိုဘိခ်၊ ဘာစီလိုနာတိုက်စစ်မှူး လီဝမ်ဒေါစကီးတို့ကို ကျော်ဖြတ်၍ ပရိသတ်များ၊ လာလီဂါအသင်းခေါင်းဆောင်များနှင့် ဘောလုံးကျွမ်းကျင်သူများ၏ မဲပေးရွေးချယ်မှု အများဆုံးရရှိခဲ့သဖြင့် အကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို အင်္ဂါနေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ဒေါ့မွန်အသင်းနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေသောကြောင့် ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် နှစ်နွေရာသီက ဒေါ့မွန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ယူရို ၁၀၃ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ် ပြုလုပ်နိုင်ခဲ့သလို အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၈ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရယူနိုင်ခဲ့သည်။

ထို့ပြင် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကလည်း ဒေါ့မွန်အသင်းနှင့်အတူ ဘွန်ဒက်လီဂါ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**



# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပအကောင်းဆုံး Globe Soccer Awards ချီးမြှင့်



**ရောမ မေ ၂၉**

ယူအေအီးအခြေစိုက် Globe Soccer အဖွဲ့အစည်းက ချီးမြှင့်သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပအကောင်းဆုံး Globe Soccer Awards ကို အီတလီနိုင်ငံ ဆာဒီနီယာကျွန်းတွင် မေ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘက်ပီက ဆွတ်ခူးခဲ့ပြီး ၎င်းအနေဖြင့် ဘယ်လင်ဟမ်၊ ဟယ်ရီကိန်း၊ ဟာလန်း၊ ဂရစ်ဇ်မန်း စသည့် ကစားသမားများကို ကျော်ဖြတ်၍ အကောင်းဆုံးဆု ရယူနိုင်ခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို လေဗာကူဆင်အသင်းအား အမှတ်ပေးချန်ပီယံဖလားနှင့် ပိုကယ်ဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြအလွန်ဆိုက လည်းကောင်း၊ အကောင်းဆုံးအမျိုးသား ကလပ်အသင်းဆုကို ပရီးမီးယားလိဂ်ချန်ပီယံဆုရရှိခဲ့သည့် မန်စီးတီးအသင်းကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ကလပ်အသင်းဆုကို ဆုဖလား လေးလုံးရရှိခဲ့သည် ဘာစီလိုနာ အမျိုးသမီးအသင်းကလည်းကောင်း၊ ဂိုးသွင်းအများဆုံး ကစားသမားဆုက ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကလည်းကောင်း၊ လူငယ်အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့် တိုက်စစ်မှူး ယာမယ်ကလည်းကောင်း၊ တစ်နှစ်တာ အအောင်မြင်ဆုံး အသင်းဆုကို ယူရိုပါလိဂ်ဆုဖလား ရယူခဲ့သည့် အတ္တလန်တာ အသင်းကလည်းကောင်း၊ အကောင်းဆုံး Come-back ဆုကို စီးရီးအေသို့ တန်းတက်လာသည့် ကိုမိုအသင်းကလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

Globe Soccer ဆုကို ၂၀၁၀ ပြည့်နှစ်က စတင်ပေးအပ်ခဲ့ရာ လက်ရှိအကောင်းဆုံး ကစားသမားဆုရရှိထားသည့် အမ်ဘက်ပီက နှစ်ကြိမ်ရရှိခဲ့ပြီး တိုက်စစ်မှူး စီရော်နယ်ဒိုက ခြောက်ကြိမ်ထိ အများဆုံးရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# စပါးအသင်းက တိုက်စစ်မှူး တီမိုဝါနာကို တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူ

**လန်ဒန် မေ ၂၉**

စပါးအသင်းသည် လိုက်ပ်ဇစ်အသင်းမှ ရာသီဝက်အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် တိုက်စစ်မှူး တီမိုဝါနာကို နောက်ထပ်တစ်ရာသီ အငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူခဲ့ပြီး စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့် ပါရှိခဲ့ကြောင်း သိရသည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူစာချုပ်တွင် အငှားစာချုပ်ကုန်ဆုံးပါက စပါးအသင်းက ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် ခေါ်ယူနိုင်မည့် သဘောတူညီချက် ပါဝင်ခဲ့သည်။

စပါးအသင်းသည် တီမိုဝါနာကို ပြီးခဲ့သည့် ဇန်နဝါရီလက ရာသီဝက် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး ကစားသမားအနေဖြင့် မကြာခဏ ဒဏ်ရာပြဿနာ ကြုံတွေ့နေရကာ ပြီးခဲ့သည့် ဧပြီ ၂၈ ရက်က ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ခြံဒဏ်ရာကြောင့် အနားယူနေရသော်လည်း နည်းပြပိုစတီကိုဂလူက ကစားသမား၏ စွမ်းဆောင်ရည်ကို သဘောကျသဖြင့် တစ်ရာသီ အငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူခဲ့သည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး တီမိုဝါနာသည် စပါးအသင်းနှင့် ပြိုင်ပွဲစုံ ၂၈ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းအား အမှတ်ပေးဇယား အဆင့်(၅) သို့ရောက်ရှိအောင် ကူညီပေးနိုင်ခဲ့သဖြင့် နည်းပြပိုစတီကိုဂလူက အငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူ၍ ၎င်း၏ ခြေစွမ်းပိုင်းကို ထပ်မံစောင့်ကြည့်ကာ အနာဂတ်အတွက် ဆုံးဖြတ်သွားမည်ဟု ပြောကြားခဲ့သည်။

နည်းပြပိုစတီကိုဂလူက "ပြီးခဲ့တဲ့ဇန်နဝါရီလမှာ အသင်းအနေနဲ့ ဆွန်ဟောင်မင်ကို အာရှဖလားပြိုင်ပွဲ စေလွှတ်လိုက်ရသလို ရစ်ချာလီဆန်ကလဲ ဒဏ်ရာရနေချိန်မှာ ဝါနာအနေနဲ့ တိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့သူပါ။ သူဟာ အသင်းအတွက် အရေးကြီးတဲ့ ကစားသမားတစ်ယောက်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် သူ့ကို အသင်းမှာ ဆက်ထားဖို့ ဆုံးဖြတ်ခဲ့တာပါ"ဟု ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)ကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဆက်လက်ကျင်းပမည်



**ရန်ကုန် မေ ၂၉**

မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို လာမည့် မေ ၃၀ ရက်နှင့် ၃၁ ရက်တို့၌ ရန်ကုန်မြို့ စလင်းအားကစားကွင်း၊ ပဒုမ္မာအားကစားကွင်းနှင့် YUSC အားကစားကွင်းတို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် မေ ၃၀ ရက် ညနေ ၃ နာရီ ၃၄ မိနစ်တွင် စလင်းအားကစားကွင်း၌ မြဝတီအသင်းနှင့် ISPE အသင်း၊ ညနေ ၄ နာရီ ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် YREO အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မေ ၃၁ ရက် ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အပြီးတွင် ISPEအသင်းက ရှုံးပွဲမရှိသေးဘဲ နှစ်ပွဲနိုင် နှစ်ပွဲသရေ ရမှတ်ရှစ်မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိနေပြီး မြဝတီအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ်ခုနစ်မှတ်ဖြင့် အဆင့်(၂)၊ ရောဝတီအသင်းက သုံးပွဲသာကစားထားပြီး နှစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ်ခုနစ်မှတ်ဖြင့် အဆင့်(၃)၊ ရန်ကုန်ယူနိုက်တက်အသင်းက သုံးပွဲကစားထားပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၄)၊ YREO အသင်းက သုံးပွဲကစားထားပြီး တစ်ပွဲနိုင် နှစ်ပွဲရှုံး ရမှတ်သုံးမှတ်ဖြင့် အဆင့်(၅)၊ သစ္စာအားမာန်အသင်းက နိုင်ပွဲမရရှိသေးဘဲ လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ်နှစ်မှတ်ဖြင့် အဆင့်(၆)နှင့် ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစားပြီး သုံးပွဲရှုံး ရမှတ်မရှိသေးဘဲ အဆင့်(၇) နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**STA**

## အားကစားသတင်းအတိုအထွာများ

- ဘင်ဖီကာတိုက်စစ်မှူး ဒီမာရီယာက မေဂျာလိဂ်ကလပ်တိုက်စစ်မှူးမက်ဆီ၏အသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့် ဇွန် ၃၀ တွင် စာချုပ်ကုန်ဆုံးမည့် ဆီဗီလာကွင်းလယ်ကစားသမား လာမီလာက အသင်းနှင့် တရားဝင်လမ်းခွဲကြောင်း အတည်ပြုပြောကြားခဲ့သည်။
- အစ်ဗ့်စ်အသင်းက ချဲလ်ဆီးအသင်းမှ အငှားခေါ်ယူထားသည့် တိုက်စစ်မှူး ဟက်ချင်ဆန်ကို လာမည့်နွေရာသီတွင် အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။
- ဂျီရိုနာအသင်း၏ ရှယ်ယာအများဆုံးပိုင်ဆိုင်ထားသည့် CFG အုပ်စုက အမ်းမရိတ်လေကြောင်းလိုင်းနှင့် သုံးနှစ်သက်တမ်းရှိသည့် စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသည့် ခံစစ်ကစားသမား ဟာကီမီကို ပြန်လည်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

**ML**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်များ ယှဉ်ပြိုင်ကစား

**နေပြည်တော် မေ ၂၉**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။




အမျိုးသားပြိုင်ပွဲ လေးယောက်တွဲ အုပ်စုပွဲစဉ်များတွင် နေပြည်တော် ကောင်စီနယ်မြေအသင်းက ချင်းပြည်နယ်အသင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကချင်ပြည်နယ် အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အသင်းက မကွေးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကိုလည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေအသင်းက ရှမ်းပြည်နယ်အသင်းကို လည်းကောင်း၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး လေးယောက်တွဲအုပ်စုပွဲစဉ်များတွင် ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ် အသင်းကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကချင်ပြည်နယ် အသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ် အသင်းကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ကချင်ပြည်နယ် အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကိုလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ဘာစီလိုနာအသင်းက နည်းပြသစ်အဖြစ် ဟန်ဆီဖလစ်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်

**ဘာစီလိုနာ မေ ၂၉**

ဘာစီလိုနာအသင်းက နည်းပြဇာဗီ၏နေရာတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျာမနီအသင်းနည်းပြဟောင်း ဟန်ဆီဖလစ်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

ဘာစီလိုနာအသင်း နည်းပြဟောင်း ဇာဗီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကိုစတင်တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် အသင်းနှင့်အတူ စပိန်လာလီဂါ ဆုဖလား ဆွတ်ခူးနိုင်ခဲ့ကာ အောင်မြင်မှု ရရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်ပိုင်း မတည်ငြိမ်မှုများကြောင့် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နည်းပြဟောင်းဇာဗီနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်းအနေဖြင့် ရလဒ်ပိုင်း မတည်ငြိမ်မှုများကြောင့် စပိန်လာလီဂါဆုဖလား လက်လွှတ်ခဲ့ရကာ ဆုဖလားလက်မဲ့ရာသီနှင့် ကြုံခဲ့ရပြီးနောက် နည်းပြဇာဗီကိုယ်တိုင်က အသင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၉ နှစ်ရှိ နည်းပြဟန်ဆီဖလစ်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ဘိုင်ယန်မြူးနစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ်က ဂျာမနီအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် အသင်းလက်မဲ့ဖြစ်နေရာ ဘာစီလိုနာအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ယခုနှစ်ကုန်တွင် လက်ဇီတွမ်ဆင် ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း တရားဝင်ကြေညာ

**ဝါရှင်တန် မေ ၂၉**

အမေရိကန် နာမည်ကြီး ဂေါက်သီးရိုက်မယ်တစ်ဦးဖြစ်သည့် လက်ဇီတွမ်ဆင်သည် ယခုနှစ်ကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည် ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။




လက်ဇီတွမ်ဆင်သည် အသက် ၂၉ နှစ်အရွယ်သာ ရှိသေးသည့် ဂေါက်သီးရိုက်မယ် တစ်ဦးဖြစ်ပြီး ပုဂ္ဂိုလ်ရေးအကြောင်းပြချက်ကြောင့် အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းလည်း ဖြစ်သည်။

လက်ဇီတွမ်ဆင်သည် အဓိက ဆုဖလားတစ်လုံး ဆွတ်ခူးရရှိထားသလို LPGA Tour တွင် ဆုဖလား ၁၁ လုံးထိ ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် အသက် ၁၂ နှစ်အရွယ်၌ US Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့သည့် ဂေါက်သီးရိုက်မယ် တစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ပရော်ဖက်ရှင်နယ် လောက တွင် စတင်ဝင်ရောက်လာခဲ့သူ ဖြစ်သည်။

အသက် ၁၅ နှစ်အရွယ်တွင် ပရော်ဖက်ရှင်နယ် လောကသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး LPGA Tour တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် အသက်အငယ်ဆုံးသော ဂေါက်သီးရိုက်မယ် တစ်ဦးလည်း ဖြစ်သည်။

လက်ဇီတွမ်ဆင်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် Navistar LPGA Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး ယင်းဆုကိုဆွတ်ခူးခဲ့သော အသက်အငယ်ဆုံး ကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

လက်ဇီတွမ်ဆင်သည် ဂေါက်သီးရိုက်လောကတွင် ဆက်လက်ကျင်လည်သွားလိုသော်လည်း ပုဂ္ဂိုလ်ရေးဆုံးဖြတ်ချက်ကြောင့် ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ခဲ့ရခြင်းမှာ မလွယ်ကူကြောင်းလည်း ပြောကြားခဲ့သည်။

**Ref : Xinhua**
**Trs : AZL**

# French Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**ပဲရစ် မေ ၂၉**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်ကစားသမား ဟာဘက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄၊ ၇-၆၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေသူဖြစ်ပြီး အိမ်ရှင်ကစားသမား ဟာဘက်အား ဒုတိယပွဲငယ်တစ်ပွဲ၌သာ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရကာ ကျန်ပွဲငယ်နှစ်ပွဲတွင် ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး စပိန်တင်းနစ်ကစားသမား ကာဘယ်လက်စ်နှင့် ဒုတိယအဆင့်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဂျိုကိုဗစ်က ပထမအဆင့်ပွဲစဉ်ကစားခဲ့စဉ် ဟာဘက်သည် ၎င်းအား ဖိအားပေးနိုင်ခဲ့သလို စပေးဘောများသည်လည်း အခက်တွေ့စေကြောင်း ပြောကြားခဲ့သော်လည်း ဟာဘက်၏ စပေးဘောများကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီး တန်ပြန်ဖိအားပေးမှုများလည်း ပြုလုပ်နိုင်ခဲ့သည်။

ဂျိုကိုဗစ်က "ဟာဘက်ဟာ ကစားရခက်တဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ အထူးသဖြင့် သူ့ရဲ့ စပေးဘောတွေက ထိန်းရခက်တယ်။ ဒုတိယပွဲငယ်မှာ သူ့ရဲ့ဖိအားတွေကြောင့် ကစားရတာခက်ခဲခဲ့တယ်။ အခက်အခဲတွေကို အကောင်းဆုံး ကျော်ဖြတ်ပြီး ဒုတိယပွဲငယ်ရဲ့ tie-break အဆင့်မှာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ပထမပွဲငယ်နဲ့ နောက်ဆုံးပွဲငယ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ အားရကျေနပ်ဖွယ်ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



# IBF အဖွဲ့ချုပ်က ညွှန်ကြားချက်လိုက်နာရန်ပျက်ကွက်သည့် ကန်နဲလိုအယ်ဗာရက်ဇ်ကို ကမ္ဘာ့ချန်ပီယံခါးပတ် ရုပ်သိမ်းမည်ဟုထုတ်ပြန်

**မက္ကစီကိုစီးတီး မေ ၂၉**

ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်သည် IBF စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ရန် အချိန်ရောက်လာပြီဖြစ်သည့်အတွက် IBF အဖွဲ့ချုပ်က ချန်ပီယံအား စိန်ခေါ်ခွင့်ရထားသည့် ကျူးဘားလက်ဝှေ့သမား ဝီလီယံစကူနှင့် ထိုးသတ်သွားရန် ညွှန်ကြားခဲ့သော်လည်း ကန်နဲလိုအယ်ဗာရက်ဇ်က ဝီလီယံစကူနှင့် ထိုးသတ်သွားရန် ဆန္ဒမရှိသည့်အတွက်ကြောင့် စိန်ခေါ်ပွဲအတွက် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်သွားရန် ငြင်းဆန်ခဲ့သောကြောင့် IBF အဖွဲ့ချုပ်က စည်းမျဉ်းစည်းကမ်းအရ ကန်နဲလိုအယ်ဗာရက်ဇ်ထံမှ IBF စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ပြန်လည်ရုပ်သိမ်းရတော့မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

IBF စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အား ပြန်လည်ရုပ်သိမ်းခံရပါက ကန်နဲလိုအယ်ဗာရက်ဇ် အနေဖြင့် ပြိုင်ဘက်ကင်း ချန်ပီယံအဖြစ် အမည်ခံနိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

လူသိနည်းသည့် ဝီလီယံစကူသည် စူပါမစ်ဒယ်ဝိတ်တန်းတွင် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်နိုင်သည့် အခွင့်အရေးအား ရရှိထားသူဖြစ်သော်လည်း ကန်နဲလိုအယ်ဗာရက်ဇ်က နာမည်ရှိလက်ဝှေ့သမားများနှင့်သာထိုးသတ်သွားရန် ဆန္ဒရှိနေသည့်အတွက် ဝီလီယံစကူနှင့် ထိုးသတ်သွားရန် ဆန္ဒမရှိဘဲ ဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# HIV/AIDS လူနာများမှာဖြစ်တတ်သည့် ကင်ဆာရောဂါများ

တစ်လောက အသက် ၃၀ ကျော်အရွယ် သားအိမ်ခေါင်းကင်ဆာလူနာအမျိုးသမီးတစ်ယောက် လာပြတယ်။ သိပ်မကြာပါဘူး လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာနဲ့ သက်လတ်ပိုင်းအမျိုးသမီးတစ်ယောက်ကို ထပ်ကြည့်ပေးရပြန်တယ်။ သူတို့နှစ်ယောက်စလုံးက HIV ပိုးရှိနေသူတွေဖြစ်ပြီး ART ဆေးသောက်နေသူတွေဖြစ်ကြောင်း ပြောပြကြပါတယ်။ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာရောဂါနဲ့ တစ်ယောက်ဆို ART ဆေးသောက်နေတာ ဆယ်စုနှစ်တစ်ခုတောင် ကျော်ခဲ့ပြီ။

ဒီဘက်ခေတ်မှာတော့ HIV/AIDS လူနာတွေအပေါ် ခွဲခြားဆက်ဆံမှုတွေ လျော့ကျလာပြီလို့ဆိုရမယ်။ လုံးဝမရှိတော့တာတော့ မဟုတ်ပါဘူး။ ကိုယ်နဲ့အလုပ်အတူလုပ်နေသူ ကျန်းကျန်းမာမာနဲ့မိတ်ဆွေတစ်ယောက်မှာ HIV ပိုးရှိလို့ဆေးသောက်နေရတယ်ဆိုတာ သိလိုက်ရင်တော့ အများစုက ခပ်တန်းတန်းဆိုသလိုဖြစ်သွားနိုင်ကြသေးတယ်လေ။ ဒီတော့ ကိုယ် ART ဆေးသောက်နေတယ်ဆိုတာ လူတိုင်းကိုတော့ လိုက်ပြောလို့မရဘူးပေါ့။

ကင်ဆာရောဂါဆိုတာ အရွယ်သုံးပါးမရွေးဖြစ်နိုင်ပေမဲ့ အသက်ကြီးရင့်သူတွေမှာ ပိုဖြစ်နိုင်ပါတယ်။ ART ဆေးသောက်နေသူတွေကလဲ ဆယ်စုနှစ်နဲ့ချီပြီး အသက်ရှည်လာကြတာဆိုတော့ သူတို့မှာလဲ အများနည်းတူ ကင်ဆာဖြစ်နိုင်တဲ့ အလားအလာတွေရှိနေတာပဲ။


AIDS အဆင့်ထိဖြစ်ခဲ့ဖူးသူတွေ၊ ART ဆေးကိုနှစ်ရှည်လများသောက်ခဲ့ရတဲ့ HIV ပိုးရှိနေသူတွေဟာ ကိုယ်ခံစွမ်းအားစနစ်နဲ့ပတ်သက်ပြီး ဒဏ်ရာရထားခဲ့သူတွေဖြစ်ပါတယ်။ ဒီတော့ ကိုယ်ခံစွမ်းအားကျရင် ကင်ဆာဖြစ်နိုင်တယ်လို့ နားလည်လာကြတဲ့ခေတ်ကြီးမှာ HIV/AIDS လူနာတွေဟာ အများတကာထက် အချို့သောကင်ဆာရောဂါတွေ ပိုဖြစ်ဖို့ အလားအလာရှိနေတယ်ဆိုတာကို နားလည်ခွင့်ရခဲ့ကြပါတယ်။

HIV ပိုးရှိနေသူတစ်ဦးကို ဘယ်အချိန်မှာ AIDS အဆင့်ဖြစ်ပြီလို့ဆိုနိုင်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေရှိပါတယ်။ CD4 ကောင်ရေခေါ်တဲ့ကိုယ်ခံစွမ်းအား Tcell တွေ အရမ်းကျနေတာ၊ ကိုယ်ခံစွမ်းအားကျဆင်းတာနဲ့အတူ အခွင့်အရေးယူကူးစက်ရောဂါ (Opportunistic Infections) တွေရှိနေတာ စတဲ့အချက်တွေကို AIDS လက္ခဏာတွေရယ်လို့ဆိုနိုင်ပါတယ်။ ထူးခြားချက်တစ်ခုက HIV ပိုးရှိနေသူတစ်ဦးကို ကင်ဆာသုံးမျိုးထဲက တစ်မျိုးမျိုးရှိနေတာနဲ့ AIDS ဖြစ်ပြီလို့ပြောနိုင်တဲ့အချက်ပါ။ အဲဒီကင်ဆာသုံးမျိုးကတော့ Kaposi's Sarcoma(KS)ခေါ်တဲ့အရေပြားမှာဖြစ်တတ်တဲ့ကင်ဆာတစ်မျိုး၊ သားအိမ်ခေါင်းကင်ဆာနဲ့ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာတွေဖြစ်ပါတယ်။ အဲဒီကင်ဆာသုံးမျိုးထဲက တစ်ခုခုဖြစ်နေပြီဆိုတာနဲ့ AIDS ဖြစ်နေပြီလို့ တန်းပြောလို့ရနိုင်ပါပြီ။

ဒီတော့ သွေးထဲမှာ HIV ပိုးကောင်ရေလုံးဝ တိုင်းလို့မရတော့ဘူး။ CD4 ကောင်ရေကလဲ ၇၀၀၊ ၈၀၀ ထိရှိနေပါပြီ။ ART ဆေးလဲမှန်မှန်သောက်ပါတယ်။ လူလဲကျန်းမာပါတယ်။ ဒီကြားထဲကင်ဆာဖြစ်ရသေးတယ်ဆိုတာဟာ နောက်ခံ HIV ဗိုင်းရပ်စ်ပိုးနဲ့တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဆက်စပ်နေနိုင်ပါတယ်။ အားလုံးကောင်းနေလျက်က အပေါ်ကကင်ဆာသုံးမျိုးဖြစ်လာပြီဆိုရင်တော့ AIDS အဆင့်ကို တန်းရောက်သွားပြီလို့ပြောရမှာပါ။ တစ်ဖက်ကပြန်စဉ်းစားကြည့်မယ်ဆိုရင်လဲ အသက်ငယ်ငယ်နဲ့ သားအိမ်ခေါင်းကင်ဆာ၊ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာတစ်မျိုးမျိုး ဖြစ်လာပြီဆိုရင် HIV ပိုးတွေရှိနေလေမလားဆိုတဲ့ သံသယနဲ့ စစ်ကြည့်ရမဲ့သဘောပေါ့။

အထက်မှာ HIV ပိုးရှိနေသူတစ်ယောက်ကို AIDS အဆင့်ရောက်နေပြီလို့ တန်းပြောနိုင်တဲ့ ကင်ဆာရောဂါသုံးမျိုးကိုဖော်ပြခဲ့တယ်။ အဲဒီသုံးမျိုးထဲမှာမပါတဲ့ ကင်ဆာရောဂါတွေ ခံစားရရင်တော့AIDS ဖြစ်နေပြီလို့ပြောလို့မရဘူးပေါ့။ အဆုတ်ကင်ဆာ၊ စအိုကင်ဆာ၊ အသည်းကင်ဆာ၊ ပါးစောင်နှင့် အာခေါင်တစ်ဝိုက်ကင်ဆာများ၊ အသည်းကင်ဆာ၊ ကျောင်ချောင်းကင်ဆာ၊ အမျိုးသမီးယောနိကင်ဆာ အစရှိတဲ့ကင်ဆာရောဂါမျိုးတွေဟာ HIV ပိုးရှိနေသူတွေမှာ အဖြစ်များတဲ့ ကင်ဆာရောဂါတွေဖြစ်ပါတယ်။ ထူးခြားချက်တစ်ခုကတော့ အဲဒီကင်ဆာအမျိုးအစားတွေဟာ ဗိုင်းရပ်ပိုးတွေနဲ့ ဆက်စပ်နေတဲ့ကင်ဆာတွေဖြစ်နေတာပါပဲ။

ဥပမာ HIV ပိုးရှိနေသူထဲမှာ အသည်းကင်ဆာဖြစ်လာရင် အသည်းရောင်အသားဝါဘီပိုး ဒါမှမဟုတ် စီပိုးတစ်ခုခု ကူးစက်ခံထားရဖို့များတယ်။ ကျောင်ချောင်းတို့ ယောနိတို့မှာ ကင်ဆာတွေဖြစ်ပြီဆိုရင် လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုးနဲ့ ဆက်စပ်မှုရှိနေတယ်။ လင်ဖိုးမားပြန့်ရည်ကျိတ်ရောဂါတွေနဲ့ ပတ်သက်လာရင်တော့ EBV လို့အမည်ရတဲ့ ဗိုင်းရပ်နဲ့ဆက်စပ်မှုရှိနေတယ်။ Kaposi's ဆာကိုးမားကင်ဆာကတော့ ရေယုန်ဗိုင်းရပ်တစ်မျိုးနဲ့ ဆက်စပ်ပါတယ်။



**Kaposi's Sarcoma (ကာပိုဆီဆာကိုးမားကင်ဆာ)**

AIDS-defining ကင်ဆာသုံးမျိုးထဲက ကာပိုဆီဆာကိုးမားကင်ဆာရောဂါအကြောင်းပြောရမယ်ဆိုရင် အဲဒီရောဂါဟာ အာခေါင်ထဲမှာ၊ အရေပြားပေါ်မှာ အဖု၊ အနာတွေပေါက်တတ်တယ်။ ပြန့်ရည်ကျိတ်တွေလဲ ကြီးလာတတ်တယ်။ အရင်က ကာပိုဆီဆာကိုးမားကင်ဆာဟာ HIV ပိုးရှိနေမှန်းမသိလို့ ART ဆေးမသောက်ဖြစ်ဘဲ CD4 ပမာဏအရမ်းကျသွားမှဖြစ်တယ်လို့ထင်ခဲ့ကြပေမဲ့ အခုအချိန်မှာတော့ ဆေးလဲမှန်မှန်သောက်တယ်၊ CD 4 ပမာဏလဲပုံမှန်ပဲဆိုတဲ့ လူတွေမှာလဲဖြစ်တာကို တွေ့ကြရတယ်။ ကာပိုဆီဆာကိုးမားကင်ဆာရောဂါဖြစ်တဲ့ AIDS လူနာတွေဟာ အဲဒီရောဂါမဖြစ်တဲ့လူနာတွေထက် သုံးဆပိုပြီး အသက်သေဆုံးနိုင်ခြေများပါတယ်။

ကာပိုဆီဆာကိုးမားကင်ဆာရောဂါရဲ့ကုထုံးက ART ဆေးပဲ။ အရင်ကART ဆေးမသောက်ဖူးတဲ့ သူတွေဆိုရင် ART ဆေးနဲ့ပဲ ရောဂါသက်သာသွားနိုင်တယ်။ ART ဆေးနဲ့မသက်သာရင်တော့ ကင်ဆာဆေးတွေသွင်းပြီး ကုသကြရပါတယ်။ ကာပိုဆီဆာကိုးမားကင်ဆာရောဂါသက်သာသွားခဲ့ရင်တောင် သူ့ကိုဖြစ်စေတဲ့ KSHV ရေယုန်ဗိုင်းရပ်ပိုးက ပျောက်သွားမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကာပိုဆီဆာကိုးမား ကင်ဆာရောဂါပျောက်ကင်းသက်သာသွားတဲ့ AIDS လူနာတွေမှာ အချိန်မရွေး ရောဂါပြန်ထလာနိုင်ပါတယ်။ KSHV ရေယုန်ဗိုင်းရပ်ဟာ အခြားသောပြန့်ရည်ကျိတ်ကင်ဆာတွေလဲ ဖြစ်စေတတ်ပါတယ်။

**လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာများ**

HIV ဗိုင်းရပ်ပိုးဟာ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာအမျိုးအစားများစွာကို ဖြစ်စေနိုင်တယ်။ အဖြစ်များတဲ့ Non-Hodgkin လင်ဖိုးမားဖြစ်လာပြီဆိုရင်တော့ AIDS-defining ကင်ဆာအမျိုးအစား ဖြစ်သွားတယ်။ Hodgkin လင်ဖိုးမားအမျိုးအစားဖြစ်ရင်တော့ AIDS-defining မဟုတ်ပါဘူး။ ဒီတော့ ရှင်းအောင်ပြောရရင် HIV ပိုးရှိနေသူတစ်ဦးမှာ Non-Hodgkin လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာဖြစ်ရင် AIDS အဆင့်ကို တန်းရောက်သွားတာဖြစ်ပြီး Hodgkin လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာ ဖြစ်ရင်တော့ AIDS ဖြစ်သွားပြီလို့ သတ်မှတ်လို့ မရဘူးပေါ့။

HIV ပိုးရှိနေသူတွေမှာ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာရောဂါဟာ ပုံစံအမျိုးမျိုး၊ နာမည်အမျိုးမျိုးပေါ်လာတတ်ပါတယ်။ အချို့ဆို လင်ဖိုးမားဖြစ်တော့မှ HIV ပိုးရှိနေမှန်းသိကြတာ။ HIV နဲ့ဆက်စပ်တဲ့ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာရောဂါတွေမှာ ကင်ဆာဆေးတွေနဲ့ပဲ အဓိကကုသကြရပါတယ်။

ART ဆေးကတော့မပါမဖြစ်ပေါ့။ ART ဆေးတွေမပေါ်ခင်က HIV နဲ့ပတ်သက်တဲ့ လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာရောဂါလူနာတွေရဲ့ ရောဂါပျောက်ကင်းမှုဟာ ၂၀ ရာခိုင်နှုန်းအောက်မှာပဲရှိခဲ့ပေမဲ့ ART ဆေးတွေပေါ်လာပြီးနောက်ပိုင်းမှာတော့ ၈၀ ရာခိုင်နှုန်းထိ မြင့်တက်လာတာကို အားတက်ဖွယ်တွေ့ကြရပါတယ်။

လင်ဖိုးမားပြန့်ရည်ကျိတ်ကင်ဆာရောဂါ ဖြစ်ပွားခံစားရတဲ့ HIV ပိုးရှိနေသူတွေဟာ ကင်ဆာဆေးတွေ သွင်းလျက်ကပင် ART ဆေးတွေကိုလဲ မှန်မှန်သောက်သုံးနေကြရတာမို့ ဆေးအချင်းချင်း ဓာတ်ပြုမှုတွေလဲ ရှိတတ်ပါတယ်။ သက်ဆိုင်ရာ HIV အထူးကု ဆရာဝန်၊ ကင်ဆာဆရာဝန်တွေနဲ့တိုင်ပင်ပြီး ကုသမှုဆက်လက်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

**လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်(HPV)ကြောင့်ဖြစ်ရသည့် ကင်ဆာများ**

HPV ဗိုင်းရပ်ဟာ စအိုနဲ့ သားအိမ်ခေါင်းကင်ဆာတွေကိုဖြစ်စေတတ်ပြီး HIV ပိုးရှိသူတွေမှာ အဲဒီကင်ဆာအမျိုးအစားတွေဖြစ်လာပြီဆိုရင် AIDS အဆင့်ကို တန်းရောက်သွားကြပါတယ်။ ဦးခေါင်းနဲ့လည်ပင်းတစ်ဝိုက်က ကင်ဆာတွေရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ အာခံတွင်းကင်ဆာလူနာအများစုဟာ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုးနဲ့ ဆက်စပ်မှုရှိနေတတ်ပါတယ်။ HIV ပိုးရှိနေသူတွေဟာHPV ပိုးကူးစက်ခံရဖို့ အလားအလာပိုများသလို ကိုယ်ခံစွမ်းအားကျဆင်းနေသူတွေမှာလဲ HPV ဗိုင်းရပ်ပိုးက ကင်ဆာဖြစ်ဖို့ ပိုမိုအားပေးတတ်ပါတယ်။

မှတ်သားရန်အချက်ကတော့ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်တွေဟာ ကင်ဆာဖြစ်စေနိုင်တယ်ဆိုရာမှာ အချိန်ကြာမြင့်စွာ ဖြည်းဖြည်းချင်းပြောင်းလဲလာတာမျိုးဆိုတဲ့အချက်ပါ။ ဒါကြောင့် HIV ပိုးရှိနေသူ အမျိုးသမီးတွေအတွက် သားအိမ်ခေါင်းကင်ဆာ ကြိုတင်စစ်ဆေးရေးဟာ အင်မတန်အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ အသက် ၃၀ အောက်ဖြစ်တဲ့တိုင်အောင် HIV ပိုးရှိနေသူအမျိုးသမီးတွေဟာ တစ်နှစ်ကိုတစ်ကြိမ်နှုန်းနဲ့ သုံးကြိမ်တိတိ သားအိမ်ခေါင်းချွေးမြေး စစ်ဆေးမှုလုပ်ကြရပါမယ်။ သုံးနှစ်ဆက်တိုက် အဖြေကောင်းတယ်ဆိုရင်တော့ နောက်ပိုင်းမှာ သုံးနှစ်ကိုတစ်ကြိမ် သားအိမ်ခေါင်း ချွေးမြေးစစ်ဆေးရင်ရပါပြီ။ အသက် ၃၀ ကျော် အမျိုးသမီးတွေဆိုရင်တော့ သားအိမ်ခေါင်းချွေးမြေးစစ်ဆေးရုံမျှမက လိင်အင်္ဂါကြွက်နို့ (HPV) ဗိုင်းရပ်ပိုး ရှိ၊ မရှိပါ စစ်ဆေးကြရပါတယ်။

အဆိုးထဲကအကောင်းဆိုသလို ကံကောင်းလို့ HIV ပိုးကူးစက်တာခံရပေမဲ့ သားအိမ်ကို ပုံမှန်စစ်ဆေးခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို စောစီးစွာသိရှိနိုင်ပြီး လုံးဝပျောက်ကင်းအောင်ကုသသွားနိုင်မှာဖြစ်ပါတယ်။

**ဆောင်ရန်၊ ရှောင်ရန်များ**

အနှစ်ချုပ်တင်ပြရရင်တော့ HIV ပိုးရှိသူတွေမှာ ကင်ဆာကျိတ်တွေဖြစ်လာပြီဆိုရင် အများစုက ကင်ဆာနဲ့ ဆက်နွယ်တဲ့ဗိုင်းရပ်ပိုးတွေကြောင့်ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်လို့လဲရပါတယ်။ ကြိုတင်စစ်ဆေးလို့လဲရပါတယ်။ ကင်ဆာဖြစ်လာပြီဆိုရင်လဲ အများစု ကုသရလွယ်ကူကြပါတယ်။ ART ဆေးတွေကိုတော့ မဖြစ်မနေ ဆက်လက်သောက်သုံးပြီး ကုသကြရပါတယ်။အရေးကြီးဆုံးကတော့ HIV ပိုးကိုရှိမှန်းသိတာနဲ့ အခြေအနေမှန်ကိုလက်ခံပြီး ART ဆေးကိုအမြန်ဆုံးစတင်သောက်သုံးကြဖို့ပါ။

အားသာချက်တစ်ခုကတော့ လိင်အင်္ဂါကြွက်နို့ (HPV) ဗိုင်းရပ်ပိုးဟာ ကာကွယ်ဆေးကြိုတင်ထိုးနှံနိုင်တဲ့ရောဂါတစ်ခုဖြစ်လာတာပါ။ ပျိုဖော်မဝင်ခင် ယောက်ျားလေး၊ မိန်းကလေးတွေမှာ ထိုးနှံနိုင်ရင် အာနိသင်အစွမ်းထက်ဆုံးဖြစ်ပြီးတော့ လိင်ဆက်ဆံဖူးသူတွေဆိုရင်လဲ အသက် ၂၆ နှစ်ထိ ထိုးနှံနိုင်ပါတယ်။ Gardasil အမည်ရတဲ့လေးမျိုးစပ် HPV ဗိုင်းရပ်ကာကွယ်ဆေးဟာ CD4 ပမာဏ ၂၀၀ကျော်တဲ့ HIV ပိုးရှိသူတွေမှာ အာနိသင်ရှိပါတယ်။ CD4 ပမာဏ ၂၀၀ အောက်ဆိုရင်တော့ ဆေးအောင်ဖို့ မလွယ်တော့ဘူးပေါ့။ HIV ပိုးရှိနေသူတွေဟာ အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးကိုလဲ ထိုးထားသင့်တယ်။ အသည်းကင်ဆာမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

ကာပိုဆီဆာကိုးမားကင်ဆာဖြစ်စေတဲ့ KSHV ရေယုန်ဗိုင်းရပ်ကတော့ Saliva (သွားရည်)ကနေ ကူးစက်တာမို့ HIV ပိုးရှိသူတွေဟာ အပြုအမူပိုင်းဆိုင်ရာမှာ သတိထားရှောင်ကြဉ်မှုတွေ ပြုလုပ်ကြရပါမယ်။ အချို့အာဖရိကနိုင်ငံတွေမှာ အစာဝါးပြီးကလေးကိုကျွေးတဲ့အလေ့အထကြောင့် KSHV ဗိုင်းရပ်တွေကူးစက်နေကြဆဲဖြစ်ပါတယ်။ လိင်တူဆက်ဆံသူ အမျိုးသားတွေမှာလဲ KSHV ဗိုင်းရပ်ကူးစက်မှုများတယ်လို့ဆိုပါတယ်။

ဆေးလိပ်သောက်တဲ့အလေ့အထဟာ သာမန်လူတွေထက် HIV ပိုးရှိသူတွေဆီမှာ ပိုများတယ်လို့ သုတေသနတွေကဆိုပါတယ်။ ဆေးလိပ်ဟာ အဆုတ်ကင်ဆာရောဂါရဲ့ အဓိကတရားခံဖြစ်နေတာမို့ HIV ပိုးရှိနေသူတွေဟာ ဆေးလိပ်ဖြတ်ဖို့ အင်မတန်အရေးကြီးပါတယ်။

ART ဆေးတွေပေါ်ပေါက်လာပြီးတဲ့နောက် AIDS-defining ကင်ဆာအမျိုးအစားတွေဖြစ်ပွားမှုလျော့ကျသွားပေမဲ့ အခြားသောကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားမှုကတော့ HIV ပိုးရှိနေသူတွေထဲမှာ ပိုမိုများပြားလာပါတယ်။ HIV ပိုးရှိနေသူတွေဟာART ဆေးကိုမှီဝဲရင်းနဲ့ ပုံမှန်သက်တမ်းစေ့အသက်ရှင်နေထိုင်နိုင်ကြဖြစ်လို့ ကြိုတင်ကာကွယ်လို့ရတဲ့ ကင်ဆာရောဂါတွေမဖြစ်ပွားရအောင် ဆင်ခြင်ကျင့်ကြံနေထိုင်သင့်ပါကြောင်း အကြံပြုလိုက်ရပါတယ်။

ဒေါက်တာလွှမ်းမိုးဟန်

# နှလုံးသားဆီသို့ လျှို့ဝှက်တံခါး ဇာတ်ကားကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၂၉**

နှလုံးသားဆီသို့ လျှို့ဝှက်တံခါး ဇာတ်ကားကို SKYPREMIER HD ရုပ်သံလိုင်းမှ မေ ၃၀ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မိုခမ်းက ပြောပြ၍သိရသည်။

နှလုံးသားဆီသို့ လျှို့ဝှက်တံခါး ဇာတ်ကားသည် စာရေးဆရာမ လွန်းထားထား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ကြည်ဖြူသျှင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ကြည်ဖြူသျှင်ကပင် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ၂၀၁၈ ခုနှစ်လောက်ကရိုက်ကူးပြီး ရုံတင်ပြခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ လူငယ်အချစ်ဒရာမာ သန့်သန့်လေးပါ။ SKY-PREMIER HD မှာလဲ ၂၀၂၀ ပြည့်နှစ် ဧပြီလတုန်းက တစ်ကြိမ်တစ်ပိုင်းတည်းအပြီး ဇာတ်ကားအနေနဲ့ ထုတ်လွှင့်ပြီးပါပြီ။ လူငယ်ကြိုက်ဇာတ်လမ်းဖြစ်တဲ့အတွက် ထပ်မံထုတ်လွှင့်ပေးတာဖြစ်ပါတယ်"ဟု သရုပ်ဆောင် မိုခမ်းက ပြောသည်။

နှလုံးသားဆီသို့ လျှို့ဝှက်တံခါး ဇာတ်ကားတွင် သရုပ်ဆောင် အောင်ရဲလင်း၊ ခင်ဝင့်ဝါ၊ ဦးဝင်းမြိုင်၊ မိုခမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Naked Gun ဇာတ်ကားတွင် နပန်းသမား ကိုဒီရူ သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၉**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ The Naked Gun ဇာတ်ကားသစ်တွင် အမေရိကန်ကြေးစားနပန်းသမား ကိုဒီရူ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၈ ရက် သတင်းများအရ သိရသည်။

The Naked Gun ဇာတ်ကားသစ်တွင် ကိုဒီရူသည် မင်းသား လီအမ်နီဆင်၊ မင်းသမီး ပါမီလာ အန်ဒါဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


အဆိုပါဇာတ်ကားသည် ကွယ်လွန်သူ ကမ္ဘာကျော်မင်းသားကြီး လက်စလီနီအယ်ဆင် ပါဝင်သရုပ်ဆောင်ခဲ့သော The Naked Gun ဇာတ်ကား (1988)ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Naked Gun ဇာတ်ကားသစ်၌ ပါဝင်လာသည့်ကိုဒီရူသည် အမေရိကန်နပန်းလောက၌ The American Nightmare အမည်ဖြင့်ထင်ရှားသူဖြစ်သည်။

The Naked Gun ဇာတ်ကားသစ်ကို ဒါရိုက်တာ အကီဗာရှက်ဖာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရုံတင်ပြသရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# သဘင်သည်စံအိမ် ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးလျက်ရှိ

**ရန်ကုန် မေ ၂၉**

Thu Khu Ma Academy Film Production မှ ရိုက်ကူးထုတ်လုပ်မည့် သဘင်သည်စံအိမ် ဇာတ်ကားကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးလျက်ရှိကြောင်း အဆိုပါ ဇာတ်ကားကိုရိုက်ကူးနေသူ ဒါရိုက်တာ ကျော်ဘိုဘိုသာ (သုခုမအကယ်ဒမီ)က ပြောပြ၍ သိရသည်။

သဘင်သည်စံအိမ် ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးနေသည့် ဒါရိုက်တာ ကျော်ဘိုဘိုသာ (သုခုမ အကယ်ဒမီ)ကပင် ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကိုတော့ သုခုမ အကယ်ဒမီ သရုပ်ဆောင်သင်တန်း (ရန်ကုန်)က ရိုက်ကူးထုတ်လုပ်မှာဖြစ်တဲ့အတွက် ရုပ်ရှင်အသိပညာရှင်၊ အတတ်ပညာရှင်ကြီးတွေက ရွေးချယ်ပေးထားတဲ့ သုခုမ အကယ်ဒမီ သရုပ်ဆောင်သင်တန်းဆင်းတွေနဲ့ ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ သဘင်ပညာသည်တွေရဲ့ဘဝကို အခြေခံထားတဲ့ အချစ်ဇာတ်လမ်းလေးပါပဲ။ သာမန်ထက် ထူးခြားတဲ့အလှည့်အပတ် အတက်အကျတွေနဲ့ ဇာတ်အိမ်တည်ထားတဲ့အတွက် ထူးခြားချက်ကလေးတွေတော့ ရှိပါတယ်"ဟု ဒါရိုက်တာ ကျော်ဘိုဘိုသာ (သုခုမ အကယ်ဒမီ)က ပြောသည်။




သဘင်သည်စံအိမ် ဇာတ်ကားတွင် သရုပ်ဆောင် နန်းကုဋ္ဌေစံဦး၊ အိမ့်သက်မှူးပိုင်၊ ခွန်းသံသာ၊ ဟယ်ရီအောင်၊ ထက်ယွန်းနဒီ၊ မိုးသောက်ကြယ်၊ ယွန်းချယ်ရီ၊ နှင်းအက္ခရာ၊ အိမ့်ကြည်ဖြူ၊ သီရိရတနာလင်း၊ သံစဉ်မိုးထက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Furiosa: A Mad Max Saga ဇာတ်ကား ပထမသီတင်းပတ်ကုန်ဝင်ငွေ ကန်ဒေါ်လာ ၂၅ သန်းရရှိ

**နယူးယောက် မေ ၂၉**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Furiosa: A Mad Max Saga ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၅ သန်းထိသာရရှိခဲ့ကြောင်း မေ ၂၈ ရက် သတင်းများအရ သိရသည်။


နှိုင်းယှဉ်ကြည့်ပါက Mad Max: Fury Road (2015) ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၅ သန်းထိရရှိခဲ့သည်။

Furiosa: A Mad Max Saga ဇာတ်ကားသည် အထက်ပါဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Furiosa: A Mad Max Saga ဇာတ်ကားကို မေ ၂၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျော့မီလာက ရိုက်ကူးပေးထားပြီး မင်းသား ခရစ်ဟမ်းစဝပ်နှင့် မင်းသမီး အန်ယာတေလာဂျွိုင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# သူချစ်ခင် ရုပ်ရှင်ဇာတ်ကားကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသရန် စီစဉ်နေ

**ရန်ကုန် မေ ၂၉**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် သူချစ်ခင် ရုပ်ရှင်ဇာတ်ကားကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသရန် စီစဉ်လျက်ရှိကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရတနာဗိုက ပြောပြ၍ သိရသည်။

သူချစ်ခင် ရုပ်ရှင်ဇာတ်ကားမှာ ရိုက်ကူးပြီးစီးသွားပြီဖြစ်ပြီး ယခုနှစ်အတွင်း ရုံတင်ပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် မဟာအပလီကေးရှင်း၌ ထုတ်လွှင့်ခဲ့သည့် အိမ်ထောင်ဇာတ်လမ်းတွဲမှ သရုပ်ဆောင်များအားလုံး ပါဝင်ထားပြီး ဒါရိုက်တာမှာလည်း အိမ်ထောင် ဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးခဲ့သူ ဒါရိုက်တာ မယ်မင်းဘုံဖြစ်ကြောင်း သိရသည်။

"သူချစ်ခင်ဇာတ်လမ်းတွဲလေးက တစ်နှစ်ပြည့်သွားပြီဆိုတော့ အရမ်းလဲ အမှတ်တရတွေရှိခဲ့တယ်။ ကိုယ့်အတွက်လဲ ဘဝတစ်ဆစ်ချိုးပြောင်းလဲခဲ့တဲ့ ဇာတ်လမ်းတွဲဆိုတော့ အမြဲတမ်းအမှတ်တရဖြစ်နေပါတယ်။ ခု သူချစ်ခင်ဆိုပြီး ရုပ်ရှင်ဇာတ်ကားလဲ ရိုက်ကူးထားပါတယ်။ ထုတ်လုပ်ရေးကတော့ အောင်သီရိထုတ်လုပ်ရေးပဲ။ ဒါရိုက်တာက မယ်မင်းဘုံပါပဲ။ ဒီဇာတ်ကားထဲမှာ အဲဒီအဖွဲ့ကြီးတစ်ဖွဲ့လုံး ပြန်ပါတာပါပဲ။ ဒီနှစ်ထဲ ရုံတင်ဖို့ရှိတယ်။ သူချစ်ခင်နဲ့ ရုပ်ရှင်ကားနာမည်မို့ ပိုပြီးတော့ ဝန်ကြီးသွားတယ်။ ကာရိုက်တာနာမည်က ရုပ်ရှင်ဇာတ်ကားဖြစ်နေတဲ့အတွက် အဲဒီအထဲမှာ အများကြီးကြိုးစားထားပါတယ်"ဟု သရုပ်ဆောင် ရတနာဗိုက ပြောသည်။

သူချစ်ခင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အိမ်ထောင်ဇာတ်လမ်းတွဲကို ရေးသားခဲ့သည့် လူချိုချောနှင့် လုံမတို့က ရေးသားထားကာ ဇာတ်ညွှန်းကို သီလံက ရေးသားထားပြီး ဒါရိုက်တာ မယ်မင်းဘုံက တာဝန်ယူရိုက်ကူးထားကြောင်း၊ အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ကျော်ထက်အောင်၊ ညီထွဋ်ခေါင်၊ ဗညားဘုန်းပြည့်၊ ချောရတနာ၊ ရတနာဗို၊ ထက်ထက်ထွန်း၊ မေတိုးခိုင်၊ သင်းသဲဗိုနှင့် အိမ်ထောင်ဇာတ်လမ်းတွဲမှ သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets senior instructor officers, senior lecturers, experienced mentors, assigned officers, and cadets of Defence Services Technological Academy


Senior General Min Aung Hlaing visits the Maha Shwemyintin Pagoda.

**Nay Pyi Taw May 29**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met senior instructor officers, senior lecturers, experienced mentors, assigned officers, and cadets of Defence Services Technological Academy at the convocation hall of DSTA this afternoon.

Also present together with the Senior General were Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, senior military officers from Office of Commander-in-Chief, the Central Command commander, officials of PyinOoLwin Station, and the DSTA commandant.

**Live like a true soldier**

In his address, the Senior General said DSTA is turning out officer engineers for Tatmadaw (Army, Navy and Air). In addition to engineering subjects, it is also teaching basic military knowledge. Their types of unit may differ, but all soldiers are shouldering their assigned national defence duties. A soldier must live like a real soldier. Tatmadaw is a disciplined institution working in accord with the rules and its members are serving their duties in accord with the issued orders and directives. There must be uniformity in the duties of battalions and units and their headquarters. Hence, all must observe the rules of the Tatmadaw and live and practice like a true soldier.

**Constantly strive to become a good engineer as well as a good soldier**

A good engineer needs engineering philosophy which is an emerging discipline that considers what engineering is, what engineers do, and how their work affects society. In fact, engineers need to think from the engineering viewpoint and act in a better way. So, they must try to attain engineering philosophy through continuous studies. Engineering has various subjects, but basically they all come from the same source. An engineer must be skilled in various subjects from the basic level. All the training schools, universities of the Tatmadaw have balanced the ratio between instructors and trainees. Likewise, DSTA has also struck a balance between the ratio of instructors and trainees. So, trainees must try to become brilliant and valuable officers in the practical field.

Cadets must exert extra efforts throughout the course to become excellent officers. They must systematically try to become fully trained persons through basic courses. A good soldier needs morale, discipline and health and fitness. Every soldier must correctly follow and carry out daily duties in accord with the motto -- **Hard training saves lives**. He must read books to have good knowledge.

**Maintain good practices**

As trainees have joined the Tatmadaw of their own volition, they must be self-reliant to stand on their own feet. The spirit that attained during the initial period is important. From the time they become cadets they must nurture the spirit to gain success and to become good officers based on self-confidence and self-reliance. During the six-year course they must learn engineering subjects and undergo


Senior General Min Aung Hlaing studies the Buddha's footprint.

training. Moreover, they must nurture, develop and maintain the good practices of observing the rules, relying only on self, and acting in unison with the organization. They must also read books to enhance their general knowledge apart from their studies.

Reading widens knowledge which will be much beneficial to life. They must also share their knowledge through talks, public discussions, as knowledge dissemination has many advantages. There is a Myanmar saying, which goes, **"You can survive only one morning without water and seven days without food." Likewise lack of literature knowledge will lead to a life of miseries. Hence, without literature knowledge, life will be worthless**. Trainees and instructors must constantly nurture the habit of reading that is much helpful to life's progress.

**To become good officers who can successfully overcome difficulties encountered in the practical field by using the skills learned**

Regarding the instructors, they need to teach subjects they have to share to the trainees so that the trainees can actually learn the subjects. The instructors need to share experiences gained in life to the trainees as well as to teach the trainees the literary knowledge that they have learnt. If they teach the trainees a combination of literature knowledge and experience, the trainees we produced will be more outstanding. If the instructors, rather than teaching according to the book, teach the trainees with a sense of good attention to make the trainees truly skillful, their students will become more and will remember it throughout their life. Listening to the teachings of instructors and seniors, who are more experienced, with keen interest and following them will be of help to improve their life. It is necessary for the trainees to systematically learn the teaching of teachers, and in the training measures, they need to comply with military discipline, orders and instructions. The instructors are to make trainees fully trained to have good morale in order that the trainees will discharge duties with good discipline and morale in battalions and units where they will be posted. Only if trainees are taught and trained systematically and properly according to the subjects concerned, will they be able to use them well in the practical field and be good officers who can successfully overcome difficulties encountered.

**Leadership**

In the Tatmadaw, leadership skills are very important, and if you are a good follower with obedience to orders and good military discipline, you will be able to become a complete, good leader when you become a leader. People's ability is not similar in leadership, and one needs to train oneself in order to be a good leader. If you practice well during the course, you will become good military leaders. In order to be good engineers, it is necessary to take training properly according to relevant subjects. Therefore, it is necessary for the trainees to systematically practice themselves and the instructors and teachers are to systematically train the trainees as well. *See Page 14*


Senior General Min Aung Hlaing meets instructors, lecturers, mentors and cadets of DSTA.

# SAC Chairman Defence Services Commander-in-Chief Senior General Min Aung Hlaing and wife Daw Kyu Kyu Hla inquire about health conditions of Mandalay's Maha Wizitayone Monastery Sayadaw and injured officers and soldiers performing national defence and security duties


Senior General Min Aung Hlaing and wife visit the Maha Wizitayone Monastery Sayadaw receiving medical treatment.


Senior General Min Aung Hlaing and wife offer nutritional food to the Sayadaw.

**Nay Pyi Taw May 29**

In Mandalay, Maha Wizitayone Monastery's Presiding Nayaka State Ovadacariya Sayadaw Abhidhaja Maha Ratta Guru, Abhidhaja Agga Maha Saddhammajotika Agga Maha Pandita Bhaddanta Visarinda Bhivamsa, aged 96, and 76 vassa, is receiving medical care at the military hospital in PyinOoLwin. Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, along with his wife Daw Kyu Kyu Hla and other officials, visited this morning to check on his health condition and the care he is receiving.

First, the Senior General, his wife, and party paid their respects to the Sayadaw and inquired about the medical care he is receiving. The responsible personnel briefed them on the Sayadaw's health condition. The Senior General emphasized the importance of continuous monitoring of the Sayadaw's health, ensuring necessary provisions, maintaining his strength, hygiene, and facilitating exercises for mobility. He also instructed that all necessary medical support be provided to ensure the Sayadaw's smooth return to his monastery.

After that, the Senior General and his wife offered alms, medical supplies, nutritional food, and cash donations to the Sayadaw.

Following this, they visited military personnel, police officers, and members of the People's Militia Force who were injured while performing their duties and are currently receiving treatment at the hospital.

The Senior General spoke with them warmly and inquired about their conditions, giving encouragement and addressing their needs.

The Senior General, his wife, and party also provided cash rewards and gifts to these injured individuals.

Similarly, Daw Kyu Kyu Hla, accompanied by other members, visited the maternity and pediatric ward, encouraging and presenting gifts to the families of military personnel receiving treatment.

Lastly, the Senior General and party inspected the medical equipment and facilities at the hospital, giving guidance to the responsible personnel based on their observations.

They in a motorcade also toured the regiments, units, training schools, and universities in the PyinOoLwin Station for inspection.

100


Senior General Min Aung Hlaing inquires about the health of a patient.


Daw Kyu Kyu Hla presents gift to a patient.


A patient receives a gift.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at meeting 1/2024 of Industry and Industrial Zone Development Central Committee


Vice-Senior General Soe Win delivers speech at meeting 1/2024 of Industry and Industrial Zone Development Central Committee.

**Nay Pyi Taw May 29**

The Industry and Industrial Zone Development Central Committee held meeting 1/2024 at the hall of the Ministry of Industry in Nay Pyi Taw this afternoon, with an address by Chairman of the Central Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were central committee member Union ministers, the Chief Minister of Magway Region, deputy ministers, departmental heads and officials.

First, the Vice-Senior General delivered a speech, saying that as this meeting is the first of its kinds of the central committee, the meeting aims to adopt plans for successful implementation of industries and industrial zones in accord with industrial law and rules. It is necessary to systematically establish industrial zones under the economic development framework of the State with investment of local and foreign businesspersons.

Moreover, the meeting is aimed at leveraging up networks of industrial zones, systematically managing nature and social environmental management based in industries, energy management and human resource management in accord with the relevant laws, rules, procedures and standards, using allocated land plots of industrial zones for adopting policies for economic development of the State and laying down future tasks.

The law related to industrial zone was released on 26 May 2020 and its rules on 2 April 2024 in accord with the agreement of the Union government. Likewise, the State Administration Council issued notification 98/2024 to form the Industry and industrial development central committee. So, the central committee has to discuss future tasks to be implemented. Moreover, the topic on implementation of small-scale industrial zone submitted by Magway Region government will be discussed.

So far, Myanmar has established 28 main industrial zones and 53 branches in addition to five industrial wards. Two more industrial zones are under establishment. It is necessary to develop the already-set up industrial zone and manage them with amending the points not in compliance with the law and bylaw on one hand.

The central committee needs to form establishment of local industrial zones and formation of supervisory committees. Only when thee committees have been formed will industrial management committees be set up. Moreover, management offices must be formed to operate the industrial zones as usual. Only when the funds can be set up in accord with the industrial zone law and bylaw will all works achieve success. The central committee needs to adopt policies and solve difficulties. The local industrial zone establishment and supervisory committee and regional governments have to supervise successful implementation of the already set up industrial zones and further zones, and the industrial zone management committees are play a key role in these measures.

As such, deserved persons must be formed in the supervisory committee and management committees to achieve success in work process. So, region and state chief ministers need to choose proper persons to be assigned. As some industrial zones, branches and industrial wards are complicated with public residences, it is necessary to seek the solutions for these measures under the industrial zone law and bylaw.

Moreover, new industrial zones to be established in regions and states must be implemented in accordance with rules and regulations. It is an opportunity to take proper measures to promote exports in respective industrial zones and in new industrial zone in accordance with economic objectives adopted by the SAC to invigorate Micro-, Small- and Medium-Sized Enterprises (MSMEs) for the fortification of the export sector, leveraging the momentum of the thriving economic landscape.

It is necessary for construction and supervisory committees of respective industrial zones to monitor whether permitted industries are actually carried out in industrial zones set up for similar industries. As the industrial zone plan submitted in Magway Region has an area of less than 500 acres allocate, it is a small industrial zone and it is necessary to allocate land to main industry groups to produce value-added products from oil crops, pulses and beans and cotton. It is necessary to place emphasis on and implement the instructions of the Prime Minister to place emphasis on self-sufficiency of edible oil domestically as the country has to import it annually and to manufacture value-added products if value-added textile products from cotton can be produced, and to take measures for self-sufficiency of dairy products and to construct new dairy factories at the coordination meeting to boost production of oil drops, industrial crops and dairy products held at the Office of the Chairman of the SAC on 16 February, 2024. It is also necessary to submit a new proposal to establish a new industrial zone in Magway Region again as the original plan failed to cover cotton and textile and oil crop industries.

As the country is implementing the market economy, it is necessary to sufficiently manufacture products needed in the country and to support the needs of investment projects. There are special economic zones and industrial zones in the country. Although they are similar economic zones, their types are different. Therefore, it is necessary for industrial zones managed by regions and states to implement tasks successfully in the same way as Thilawa Special Zone in accordance with the laws, rules and regulations of industrial zones and success can be achieved by understanding the laws, rules and regulations and observing them.

Then, Secretary of the Industries and Industrial Zones Development Central Committee Deputy Minister for Industry U Yin Maung Nyunt and Chief Minister of Magway Region U Tint Lwin read out reports submitted to the central committee.

Then, Vice Chairman of the central committee the union minister for industry reported to the meeting on the history of industrial zones in Myanmar, matters related to drafting industrial zones laws and rules and regulations, management of them and tactics for industrial development.

Afterward, members of the central committee union ministers and the deputy minister reported to the meeting on tasks to be carried out successfully in accordance with the industrial zones laws, rules and regulations in respective sectors.

Afterward, the Vice-Senior General coordinated the needs of the reports and the meeting came to an end with concluding remarks by the Vice-Senior General. 100

---

*From Page 12*

In order to produce good military officers who are full of capacity, the process to select the cadets was carried out according to the criteria. We have much to do in building the Tatmadaw and nation. We must always strive to improve in line with the changing era. It is best to always do what should be done. Therefore, constant efforts are to be made to achieve success in the tasks to be done.

After that, the Senior General and party visited the Maha Shwemyintin Pagoda in Pyin Oo Lwin to pay homage. At the pagoda, first, the Senior General offered flowers and oil lamps to the Buddha Image at the pagoda.

Then, the Senior General made a cash donation for the pagoda through the chairman of the pagoda board of trustees. After that, he paid homage to the pagoda. He also gave instructions to carry out necessary maintenance for the long-term durability and existence of the pagoda and fulfilled the needs for offering a gold robe to the pagoda.

After that, the Senior General paid homage to the Buddha Image at the hall in which the Buddha's Footprint is and offered flowers, cold water and oil lamps to the Buddha Image. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနယ်စပ်ရှိ NATO အဖွဲ့ဝင်နိုင်ငံများက ဒရုန်းတံတိုင်းတည်ဆောက်ရန် သဘောတူညီခဲ့



လစ်သူရေးနီးယားနိုင်ငံနှင့် အနီးနားရှိ အခြား NATOအဖွဲ့ဝင် ငါးနိုင်ငံသည် ၎င်းတို့၏နယ်နိမိတ်ကိုကာကွယ်ရန်အတွက် ဒရုန်းတံတိုင်းတည်ဆောက်ရန် သဘောတူညီခဲ့ကြောင်း လစ်သူရေးနီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Agne Bilotaite က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခအတွင်း ရုရှားထံမှ လုံခြုံရေးခြိမ်းခြောက်လာနိုင်မှု အရေးအပေါ် စိုးရိမ်မှုများကြောင့် ဒရုန်းများ (UAV)အသုံးပြု၍ နယ်စပ်ခြံစည်းရိုးကာရံထားမည့် အစီအစဉ်ကိုသဘောတူညီခဲ့ခြင်းဖြစ်သည်။ ဘောလ်တစ်နိုင်ငံများဖြစ်သည့် အက်စ်တိုးနီးယား၊ လတ်ဗီးယားတို့အပြင် ဖင်လန်၊ နော်ဝေနှင့် ပိုလန်တို့မှ ပြည်ထဲရေးဝန်ကြီးများနှင့် တွေ့ဆုံခဲ့ပြီးနောက် လစ်သူရေးနီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Agne Bilotaite က အဆိုပါ အစီအစဉ်ကို ကြေညာခဲ့ကြောင်း သိရသည်။

"နော်ဝေကနေ ပိုလန်ထိဖြန့်ကြက်ထားမဲ့ ဒရုန်းတံတိုင်းကြီးတည်ဆောက်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ နယ်စပ်ဒေသတွေကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒရုန်းတွေနဲ့ အခြားနည်းပညာတွေကို ပေါင်းစပ်အသုံးပြုဖို့ပါပဲ။ ရုပ်ပိုင်း၊ ပစ္စည်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ စောင့်ကြည့်ရေးစနစ်တွေသာမက ဒရုန်းတွေနဲ့ အခြားနည်းပညာတွေက ရန်ဘက်နိုင်ငံတွေရဲ့ ရန်စလာနိုင်မှုတွေကနေကာကွယ်ဖို့နဲ့ မှောင်ခိုကူးသန်းရောင်းဝယ်မှုတွေကို တားဆီးဖို့ပါ"ဟု Bilotaite က ပြောကြားခဲ့သည်။

အဆိုပါနိုင်ငံများသည် ၎င်းတို့၏ နယ်စပ်ကိုစောင့်ကြည့်ရန် ဒရုန်းများကို ဖြန့်ကြက်ထားမည့်အပြင် ရန်သူ့ဒရုန်းများကို ရပ်တန့်ချေမှုန်းနိုင်ရန်အတွက် ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကိုလည်း အသုံးပြုမည်ဖြစ်သည်။ Bilotaite က အဆိုပါ ဒရုန်းတံတိုင်း ကာရံတပ်ဖြန့်ရေးအစီအစဉ်အတွက်အချိန်ကာလကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ထို့ပြင် ပိုလန်သည် ဘီလာရုစ်နိုင်ငံနှင့် ၎င်း၏ နယ်စပ်ဒေသကာကွယ်ရေးကို အဆင့်မြှင့်တင်ရန်အတွက် ဘီလီယံနှင့်ချီ၍ သုံးစွဲခဲ့သည်။ အက်စ်တိုးနီးယားသည် နယ်ခြားစောင့်တပ်၏ ကတုတ်ကျင်းများ၊ ဘန်ကာများဖြင့် ခံစစ်ကွန်ရက်ကို တည်ဆောက်နေပြီး ရုရှားနှင့် မိုင် ၈၃၀ နယ်နိမိတ်ထိစပ်နေသည့် ဖင်လန်နိုင်ငံသည် NATO အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ရုရှားဘက်က အာရှမှရွှေ့ပြောင်းအခြေချနေထိုင်သူများကို စက်ဘီးများဖြင့် နယ်စပ်ဖြတ်ကျော် စေလွှတ်ခဲ့ပြီးနောက် ဖင်လန်နိုင်ငံသည် ၎င်း၏ နယ်နိမိတ်ဖြတ်ကျော်မှုများကို ၂၀၂၃ ခုနှစ်တွင် ပိတ်ပစ်ခဲ့သည်။ ရုရှားသည် ဥရောပကို မတည်မငြိမ်ဖြစ်စေရန်အတွက် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို လက်နက်အဖြစ် အသုံးပြုနေသည်ဟု ဖင်လန်နိုင်ငံမှ အရာရှိများက စွပ်စွဲပြောကြားထားသည်။

ဒရုန်းတံတိုင်းအတွက် အသေးစိတ်အချက်အလက်များကို အကောင်အထည်ဖော်နေဆဲဖြစ်ပြီး ယခုသီတင်းပတ်ကုန်က အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ခြိမ်းခြောက်လာသော ဒရုန်းရန်ကိုတန်ပြန်ရန် ပိုမိုကျယ်ပြန့်သော ချဉ်းကပ်လုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း Bilotaite က ပြောကြားခဲ့သည်။

ယူကရိန်းအထူးစစ်ဆင်ရေးနောက်ပိုင်း ဘီလာရုစ်နိုင်ငံသို့ နျူကလီယားဒုံးကျည်များ ရွှေ့ပြောင်းလာချိန်မှစ၍ ရုရှားသည် ဥရောပနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ၎င်း၏ အနောက်မြောက်နယ်စပ်တွင် စစ်အင်အားများ တိုးမြှင့်ချထားခဲ့သည်။ ရုရှားနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များသည် အက်စ်တိုးနီးယားရေပိုင်နက်အတွင်း သွားလာခုတ်မောင်းနိုင်သော ရေလမ်းကြောင်းများကို အမှတ်အသားပြုထားသည့် ဗော်ယာများကို ဖယ်ရှားခဲ့ကြောင်း မေ ၂၃ ရက်က အက်စ်တိုးနီးယားနိုင်ငံပိုင်သတင်းများတွင် ဖော်ပြခဲ့သည်။

**NATO Members Bordering Russia to Build 'Drone Wall' ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားနိုင်ငံ Hanwha Aerospace ကုမ္ပဏီက ရိုမေးနီးယားနိုင်ငံနှင့်လက်နက်စနစ်များပူးပေါင်းထုတ်လုပ်သွားမည်

တောင်ကိုရီးယားနိုင်ငံ Hanwha Aerospace ကုမ္ပဏီနှင့် ရိုမေးနီးယားနိုင်ငံ National Institute for Aerospace Research, "Elie Carafoli" (INCAS) ကုမ္ပဏီသည် လက်နက်စနစ်များကို သုတေသနပြုခြင်းနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ် မေ ၂၂ ရက် ဘူခါရက်စ်မြို့၌ ပြုလုပ်ကျင်းပခဲ့သည့် BSDA 2024 ကာကွယ်ရေးပြပွဲဖွင့်ပွဲတွင် ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် Hanwha Aerospace ကုမ္ပဏီနှင့် ရိုမေးနီးယားနိုင်ငံကြား နယ်မြေချဲ့ထွင်ရေးနှင့် သုတေသနတိုးတက်ဖွံ့ဖြိုးရေး (R&D) ပူးပေါင်းဆောင်ရွက်မှုပဏာမခြေလှမ်းများ၌ နှစ်နိုင်ငံဆက်ဆံရေးပိုမိုကောင်းမွန်လာစေရန်အတွက် ကတိကဝတ်ပြုမှုကိုပြသလိုက်ခြင်းဖြစ်သည်။ ကုမ္ပဏီနှစ်ခု၏ သဘောတူစာချုပ်တွင် တိကျပဲ့ထိန်းဒုံးကျည်စနစ်များ၏ ပစ်ခတ်စမ်းသပ်မှုများအပါအဝင် ပူးတွဲသုတေသန လုပ်ဆောင်မှုများလည်း ပါဝင်လိမ့်မည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံအာကာသဆိုင်ရာ အင်ဂျင်နီယာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်ရန် ရည်ရွယ်၍ ကမ္ဘာမြေပေါ်ရှိစနစ်များထက် အာကာသဆိုင်ရာစနစ်များကို ပိုမိုအကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်သည်။

INCASကုမ္ပဏီသည် ရိုမေးနီးယားနိုင်ငံ၏အာကာသသိပ္ပံပညာတွင် နှစ်ပေါင်း ၇၅ နှစ်ကြာ သက်တမ်းရှိပြီး အာကာသယာဉ်မှူးများ၊ Fluid ဒိုင်းနမစ်နှင့်လေခွင်းအား အသုံးချမှုဆိုင်ရာ လုပ်ဆောင်ချက်များဖြင့် အောင်မြင်လာသည့် ထိပ်တန်းသုတေသနအဖွဲ့အစည်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် အမျိုးသားလေကြောင်းဆိုင်ရာအရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာစီမံကိန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် Flight-Path 2050 Vision နှင့် Horizon Europe စီမံကိန်းအောက်တွင် အနောက်နိုင်ငံများ၏ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရသည်။

ရိုမေးနီးယားနိုင်ငံသည် မကြာသေးမီအချိန်က တောင်ကိုရီးယားနိုင်ငံမှကာကွယ်ရေးပစ္စည်းများ အထူးသဖြင့် Hanwha Aerospace မှကာကွယ်ရေးပစ္စည်းများ ဝယ်ယူရန်စိတ်အားထက်သန်မှုကို ပြသခဲ့သည်။ ရိုမေးနီးယားနိုင်ငံသည် K9 Thunder ယာဉ်တင် ဟောင်ဝစ်ဇာများ




ဝယ်ယူမည့် သဘောတူစာချုပ်တစ်ခုကို ပြီးစီးအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၇၅၁ သန်းတန်ဖိုးရှိသည့် ထိုသဘောတူစာချုပ်သည် Hanwha Aero-space ကုမ္ပဏီနှင့် INCAS ကုမ္ပဏီ၏ ပထမဆုံးသော ကာကွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည်။

အဆိုပါသဘောတူစာချုပ်တွင် ရိုမေးနီးယားနိုင်ငံစစ်ဘက်၌ ပေါင်းစပ်အသုံးပြုနိုင်ရန် K9 ဟောင်ဝစ်ဇာယာဉ် ၅၄ စီး ဝယ်ယူမည့်အစီအစဉ်လည်းပါဝင်သည်။

ရိုမေးနီးယားနိုင်ငံသည် စစ်ရေးစွမ်းရည်များကို ခေတ်မီစေရန်နှင့် ကာကွယ်ရေးစနစ်များ ပိုမိုအားကောင်းလာစေရန်အတွက် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး အထူးသဖြင့် ဒေသတွင်းလုံခြုံရေးပိုင်းဆိုင်ရာစနစ်များ ပိုမိုအားကောင်းလာစေရန်ဖြစ်သည်။ Hanwha Aerospace နှင့် အလားအလာရှိသော သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အဆိုပါရည်မှန်းချက်များ အောင်မြင်ရန် အရေးကြီးသောခြေလှမ်းများဖြစ်ကြောင်း ရိုမေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Hanwha Aerospace from South Korea announces Strategic Partnership with Romania to develop weapons ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၆ နှစ်၊ သိက္ခာတော် ၇၆ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်ပေးထားမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကြည့်ရှုမေးမြန်းလျှောက်ထားစဉ်။



မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၆နှစ်၊သိက္ခာတော် ၇၆ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်များနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ ဆွေးနွေးမေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုရိုးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဆေးရုံတက်ရောက်ကုသမှု
ခံယူလျက်ရှိသည့်
နိုင်ငံတော်ကာကွယ်ရေးနှင့်
လုံခြုံရေးတာဝန်များထမ်းဆောင်စဉ်
ထိခိုက်ဒဏ်ရရှိခဲ့သော အရာရှိ၊
စစ်သည်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်
များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်
များကိုတစ်ဦးချင်းလိုက်လံတွေ့ဆုံ၍
ရင်းနှီးနွေးထွေးစွာ
ကြည့်ရှုအားပေး
စကားပြောကြားစဉ်။





ရှေ့ဖုံးမှအဆက်

ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေးစစ်ဆေးပေးထားမှုများနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားသည့် အခြေအနေများကို ကြည့်ရှုမေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကိုယ်ခံစွမ်းအားရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လုပ်ဆောင်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ရေးတို့အတွက်ကိုလည်း ဆောင်ရွက်ပေးရန်၊ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေ သက်သာလာပြီး ကျောင်းတိုက်၌ **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံ
အုပ်ချုပ်ရေးကောင်စီ
ဥက္ကဋ္ဌ
တပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်
ဆေးရုံအတွင်း
ဆေးကုသမှုဆိုင်ရာ
စက်ပစ္စည်း
ကိရိယာများတပ်ဆင်
အသုံးပြုလျက်
ရှိသည့် အခြေအနေ
များကို လှည့်လည်
ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ပြန်လည်သီတင်းသုံးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက်လည်း လိုအပ်သည့်ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များကို တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ လိုက်လံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် အဖွဲ့ဝင်များလိုက်ပါ၍ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များကို တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း ဆေးကုသမှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုလျက်ရှိသည့် အခြေအနေများနှင့် လူနာကုသဆောင်များပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၊ တက္ကသိုလ်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**☆ ကျောဖုံးမှအဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဖြစ်သည်နှင့်အညီ အစည်းအဝေးကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုလုပ်ငန်းများနှင့်စက်မှုဇုန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်ဖြစ်ကြောင်း။

ထို့ပြင် စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ စွမ်းအင်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်စေရန်၊ စက်မှုဇုန်များတွင် အသုံးပြုခွင့်ရရှိထားသောမြေများကို လက်တွေ့အသုံးပြုခြင်းဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်စေရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်သွားနိုင်စေရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း ။

စက်မှုဇုန်နှင့် ပတ်သက်သည့် ဥပဒေကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် (၉၈/ ၂၀၂၄)ဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟိုကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ပြထားသည့် အငယ်စားစက်မှုဇုန် ဖော်ဆောင်ရေးကိုလည်းဆွေးနွေးပြီး ဆက်လက်တင်ပြသွားရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ယနေ့ထိ ဖွင့်လှစ်ပြီးစက်မှုဇုန်များကိုကြည့်လျှင် ပင်မစက်မှုဇုန် ၂၈ ခုနှင့် ဇုန်ခွဲများပါရှိပါက ၅၃ ခုရှိပြီး စက်မှုရပ်ကွက် ငါးခုရှိသည်ကို တွေ့ရကြောင်း၊ တည်ထောင်ဆဲစက်မှုဇုန်စီမံကိန်း နှစ်ခုရှိကြောင်း၊ **တည်ထောင်ပြီးစက်မှုဇုန်များကို အဆင့်မြှင့်တင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ဥပဒေ၊ နည်းဥပဒေနှင့် မကိုက်ညီသည့် အချက်များကိုလည်း ပြန်လည်ပြင်ဆင် တည့်မတ်ထိန်းကျောင်းသွားကြရမည်ဖြစ်**ကြောင်း။

ဗဟိုကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းမှာ ဒေသဆိုင်ရာစက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ အဆိုပါကော်မတီဖွဲ့စည်းပေးပြီးမှသာ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီကို ထပ်မံဖွဲ့စည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများ အမြဲမပြတ်လည်ပတ်နိုင်ရန် စီမံခန့်ခွဲရေးရုံးအဖွဲ့များကိုလည်း ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည့် ရန်ပုံငွေတည်ထောင်ရေးအပိုင်းကို စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မှသာ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မူဝါဒချမှတ်ခြင်းနှင့် အခက်အခဲများဖြေရှင်းခြင်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ **ထူထောင်ပြီးစက်မှုဇုန်များနှင့် ထပ်မံဆောင်ရွက်မည့် စက်မှုဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ ဒေသဆိုင်ရာ စက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ရမည်ဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီများက အဓိက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

သို့ဖြစ်၍ ကြီးကြပ်ရေးကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများ ပါရှိမှသာ လုပ်ငန်းများ အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ရွေးချယ်တာဝန်ပေး ကြပ်မတ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ စက်မှုဇုန်၊ ဇုန်ခွဲများနှင့် စက်မှုရပ်ကွက်အချို့တို့တွင် လူနေထိုင်မှုများ ရောထွေးနေသည့်အတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေအတိုင်း ဆွေးနွေးအဖြေရှာပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသစ်ဖော်ဆောင်မည့် စက်မှုဇုန်များကိုလည်း ဥပဒေ၊ နည်းဥပဒေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်တွင် ပါဝင်နေသည့် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဆိုသည့်အတိုင်းရှိပြီး စက်မှုဇုန်အလိုက်နှင့် တိုးချဲ့မည့်စက်မှုဇုန်အလိုက် ပို့ကုန်တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး အတွက်လည်း စနစ်တကျ စီမံဆောင်ရွက်နိုင်မည့် အခွင့်အရေးဖြစ်ပါကြောင်း။

စက်မှုဇုန်များအလိုက် အမျိုးအစားတူသည့် လုပ်ငန်းများတွင် ခွင့်ပြုထားသည့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ၊ မရှိကို ဒေသဆိုင်ရာ စက်မှုဇုန်များ တည်ဆောက်ရေးနှင့် ကြီးကြပ်ရေးကော်မတီများက ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးက တင်ပြလာသော စက်မှုဇုန်မှာ ဧက ၅၀၀ အောက်ဖြစ်သည့်အတွက် အငယ်စားစက်မှုဇုန်ဖြစ်ပြီး အဆိုပါ အငယ်စားစက်မှုဇုန်အနေဖြင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ဝါတို့ကို အခြေခံသော တန်ဖိုးမြှင့်ထုတ်လုပ်သည့် ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကအစုအဖွဲ့ဖြင့် နေရာချထားပေးရန် လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နို့ထွက်ပစ္စည်း တိုးချဲ့ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်းစား သုံးဆီဖူလုံမှုရရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် ဝါမှထွက်ရှိလာသော ချည်များကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် တန်ဖိုးမြှင့်ချည်ထည်များထုတ်လုပ်ရေးစီမံဆောင်ရွက်ရန်၊ ပြည်တွင်း၌ နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ရေးနှင့် နို့ချက်စက်ရုံများ တည်ဆောက်နိုင်ရေးဆောင်ရွက်ရန် ညွှန်ကြားချက်ကိုလည်း မှတ်သားပြီး လိုက်နာဆောင်ရွက်သွားရန် လိုကြောင်းနှင့် မကွေးတိုင်းဒေသကြီးက တင်ပြလာသည့် စက်မှုဇုန်အဆိုပြုချက်တွင် ဝါနှင့်ချည်မျှင်လုပ်ငန်း၊ ဆီထွက်သီးနှံလုပ်ငန်းများမပါရှိ၍ အဆိုပြုချက်အသစ် ပြန်လည်တင်ပြပေးရန်လိုကြောင်း။

**မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်နှင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များရှိကြောင်း၊ ယင်းတို့မှာ စီးပွားရေးဇုန်ခြင်းတူသော်လည်း အမျိုးအစားခြင်းမတူညီသည့်အတွက် အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံဆောင်ရွက်နေသည့် စက်မှုဇုန်များကို သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ အောင်မြင်အောင် မိမိတို့စက်မှုဇုန်များကို စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများကို သိရှိကျွမ်းကျင်နားလည်ပြီး လိုက်နာဆောင်ရွက်မှသာ လုပ်ငန်းများ အောင်မြင်နိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က ဗဟိုကော်မတီသို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံစက်မှုဇုန်များ သမိုင်းကြောင်း၊ စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်များကို စီမံကြီးကြပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်း ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်

**နေပြည်တော် မေ ၂၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်းသုံးကျမ်းအောင်(ကျမ်းပြီး) ၁၄၄၄ ပါး/ဦး၊ နှစ်ကျမ်းအောင် ၁၇၃၆ ပါး/ဦး၊ တစ်ကျမ်းအောင်၁၇၇၇ ပါး/ဦး၊ ပါဠိဂုဏ်ထူးအောင် ခြောက်ပါး၊ မြန်မာဂုဏ်ထူးအောင်သုံးပါး စုစုပေါင်း ၄၉၆၆ ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်း ဖြေဆိုသူ ၁၈၈၆၆ ပါး/ဦးအနက် အောင်မြင်သူ ၄၉၆၆ ပါး/ဦးဖြစ်၍ ၂၆ ဒသမ ၃၂ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင်(ပထမ၊ ဒုတိယ၊ တတိယ)ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ<br>(အဂ္ဂမဟာကျော်) | ပခ/၂၇၅ | အရှင်ဓမ္မသာရ<br>၁၂/အလန(သ)၀၀၁၁၉၄ | ဓမ္မဝိနယရုံသီကျောင်း<br>မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ |
| ၂။ | ဒုတိယ | ပခ/၉၁၆ | အရှင်ဝိသုဒ္ဓ<br>၁၂/အလန(သ)၀၀၁၃၈၇ | ဓမ္မသမိဒ္ဓိကျောင်း<br>မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ |
| ၃။ | တတိယ | ဘ/၁၉၃ | အရှင်ခေမာသိရီ<br>၈/မကန(သ)၀၀၂၃၂၃ | လမ္ဘတော်ကျောင်း<br>သထုံမြို့ |

၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mmတို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၉**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀၊ စုစုပေါင်း ၆၆ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဦးဝဏ္ဏဟန်အား ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်အား ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


ပညာရေးဝန်ကြီးဌာန

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

“အသိပေးကြေညာချက်”

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း (Grade 1) သို့အပ်နှံရန်။


# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဒီနှစ်မိုးတွင်းကစလို့ ရန်ကုန်နေသူတို့ ရေကြီးရေလျှံမှုကင်းဝေးပြီး စိတ်ချမ်းသာရပြီ

ထက်မြတ်

"ကလင်. . . ကလင်. . . ကလင်၊ ကလင်. . . ကလင်. . . ကလင်။"

ဟိုတစ်နေ့က နံနက်စာစားနေတုန်း ဖုန်းမြည်သံကိုကြားလိုက်ရသည်။ မနက်စောစောစီးစီး ဘယ်သူဆက်တာပါလိမ့်ဆိုတဲ့ အတွေးနဲ့ ဖုန်းကိုကြည့်လိုက်တော့ ကျွန်တော့်ရဲ့ ငယ်ပေါင်းကြီးဖော်သူငယ်ချင်း ကိုထွေးငယ်ထံမှဖြစ်နေသည်။ ဒါနဲ့ ကျွန်တော်လည်း ဖုန်းကိုကောက်ကိုင်ပြီး သူနဲ့စကားစမြည်ပြောဖြစ်ကြတော့သည်။

**ကျွန်ုပ်။** "ဟယ်လို. . . သူငယ်ချင်း။ ကျန်းခံ့သာလို့မာပါစ။"

**ကိုထွေး။** "အေး. . . နေကောင်းပါတယ် သူငယ်ချင်း။"

**ကျွန်ုပ်။** "မနက်စောစောစီးစီး ဖုန်းတွေဘာတွေဆက်လို့ပါလား။ ဘာတွေများအကြောင်းထူးလို့ပါလိမ့်။ ပြောပါဦး။"

**ကိုထွေး။** "အကြောင်းထူးရယ်လို့တော့ မရှိပါဘူးကွာ။ မိုးတွင်းရောက်တော့မယ်ဆိုတော့ သွားရေးလာရေးကိစ္စတွေးပြီး စိတ်မချမ်းမသာဖြစ်နေလို့ မင်းဆီဖုန်းဆက်လိုက်တာ။"

**ကျွန်ုပ်။** "ဟာ. . . ဘာဖြစ်လို့ စိတ်မချမ်းမသာဖြစ်ရမှာလဲ။ အပူချိန်က မခံမရပ်နိုင်လောက်အောင်မြင့်တက်နေတဲ့ဟာကို။ မိုးရွာတော့မကောင်းဘူးလား။"

**ကိုထွေး။** "မိုးရွာတာတော့ကောင်းပါတယ်။ ဒါပေမဲ့ ငါတို့ရန်ကုန်မှာက မိုးရွာပြီဆိုရင် ရေကတင်ကျန်ပြီး တော်တော်နဲ့မှပြန်မကျတာ။ မင်းလည်းသိရဲ့သားနဲ့။"

သူပြောမှ ကျွန်တော်ပြန်တွေးကြည့်မိသည်။ ဟုတ်ပါရဲ့။ မိုးတွင်းတောင်ရောက်တော့မှာပဲ။ မိုးတွင်းရောက်ပြီဆိုရင် ရန်ကုန်မှာ ရေကြီးရေလျှံမှုဖြစ်တာ နှစ်တိုင်းလိုလိုဖြစ်နေသည်။

လူတွေက အပူကိုကြောက်လို့ မိုးကိုမျှော်ကြပါသော်လည်း လမ်းမထက်တွေမှာ ရေကြီးရေလျှံမှုတွေဖြစ်မှာကိုတော့ ပိုကြောက်ကြသည်။ ဒါပေမဲ့ ဒီနှစ်မှာတော့ အခြေအနေတွေက မနှစ်ကနဲ့လုံးဝတူတော့မည်မဟုတ်ပေ။ ဒီအကြောင်းကို ကိုထွေးသိအောင် ပြောပြရဦးမည်။

**ကျွန်ုပ်။** "ကိုထွေးရေ ဒီနှစ်တော့ မိုးရွာတာနဲ့ ရန်ကုန်မြို့လမ်းမတွေမှာ ရေကြီးရေလျှံဖြစ်မှာကို တွေးမကြောက်နဲ့တော့ကွ။ အဖြစ်က မနှစ်ကနဲ့မတူတော့ဘူး။"

**ကိုထွေး။** "ဟုတ်မှလည်းပြောပါ သူငယ်ချင်းရာ။ မင်းက နေပြည်တော်မှာနေတာ။ ငါက ရန်ကုန်မှာနေတာ။ ဒီကအခြေအနေကို မင်းကဘယ်လိုလုပ်သိမှာလဲ။"

**ကျွန်ုပ်။** "ငါက နေပြည်တော်မှာနေပေမယ့် ငါ့မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေက ရန်ကုန်မှာပဲလေကွာ။ အဲဒီတော့ အခြေအနေအားလုံးကို ငါကသိနေတာပေါ့ကွ။ ဒီနှစ်တော့ မနှစ်ကလိုမဖြစ်နိုင်တော့ဘူးလို့ ဘာကြောင့် ပြောနိုင်ရတာလဲဆိုရင် ဒီလိုရှိတယ်ကွ . . .။"

ကိုထွေးကို ကျွန်တော်စကားတွေအများကြီးပြောပြဖြစ်လိုက်သည်။ အဓိကကတော့ ဒီနှစ်ရန်ကုန်မှာမိုးရွာလျှင် ရေကြီးရေလျှံမှုမရှိတော့သလောက် လျော့နည်းသွားမည့်အကြောင်းဖြစ်သည်။ ဘယ်လိုကြောင့် အခုလိုပြောနိုင်ရသလဲဆိုလျှင် ကျွန်တော့်မှာ အဖြေရှိသည်။

အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏လမ်းညွှန်ချက်များနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူအဆင့်ဆင့်နှင့် ဝန်ထမ်းများ၏စေတနာပါပါ ကြိုးပမ်းအားထုတ်မှုတို့ကြောင့်ဖြစ်သည်။

ရန်ကုန်မြို့ကြီးက လူနေထူထပ်သည့်မြို့တစ်မြို့ဖြစ်သည်။ ဒီလိုမြို့ကြီးဖြစ်တာနှင့်အညီ ရေပေးဝေရေးစနစ်၊ ရေဆိုးထုတ်စနစ်တို့ကလည်း စနစ်တကျတည်ဆောက်ထားပြီးဖြစ်သည်။ သို့သော် စနစ်မကျစွာအသုံးပြုနေသူများကြောင့် ရေမြောင်းများပိတ်ဆို့ရသည်။ ထိုသို့ရေမြောင်းများပိတ်ဆို့ရခြင်းကြောင့် ရေစီးရေလာမကောင်းတော့ဘဲ ရေကြီးရေလျှံမှုများဖြစ်ရခြင်းဖြစ်သည်။

ကျွန်တော်တို့အနေဖြင့် ရန်ကုန်မြို့အတွင်း ရေကြီးရေလျှံမှုဖြစ်ရသည့်အကြောင်းနှင့် ရေကြီးရေလျှံမှုလျော့ပါးလာရသည့်အကြောင်းကိုမပြောမီ ရန်ကုန်မြို့၏ ရေစီးရေလာစနစ်အကြောင်းကို ဦးစွာသိရှိထားဖို့လိုမည်ဖြစ်သည်။

ရန်ကုန်မြို့၏ ရေစီးရေလာစနစ်မှာ မြို့နယ်များအလိုက် ချောင်း၊ မြောင်း၊ မြစ်ထွက်ပေါက်များမှတစ်ဆင့် မြစ်များ၊ ပင်လယ်ဝများအတွင်းသို့ စီးဆင်းခြင်းဖြစ်သည်။ လှိုင်မြစ်ထဲကို ချောင်းကြီး (၂၂) ချောင်း၊ ပဲခူးမြစ်ထဲကို ချောင်းကြီး (၈) ချောင်း၊ ငမိုးရိပ်ချောင်းထဲကို ချောင်းကြီး (၂၀) ချောင်း၊ ပုဇွန်တောင်ချောင်းထဲကို ချောင်းကြီး (၁) ချောင်း စုစုပေါင်းချောင်းကြီး(၅၁)ချောင်းဖြင့် ရေဆိုးများကို စွန့်ထုတ်နေခြင်းဖြစ်သည်။ **စာမျက်နှာ ၂၂ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၀-၄-၂၀၂၁)ရက်တွင် လမ်းမတော်မြို့နယ်ရှိ ရွှာသစ်ချောင်းမြစ်ထွက်ပေါက်နေရာကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၃-၁-၂၀၂၄)ရက်တွင် လှိုင်သာယာမြို့နယ်အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့်တာဝန်ရှိသူများက လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၂၁ မှအဆက်


ရန်ကုန်မြို့တွင်း (၈) မြို့နယ်မှဆိုလျှင် ရန်ကုန်မြစ်၊ လှိုင်မြစ်နှင့် ပုဇွန်တောင်ချောင်းအတွင်းသို့ ချောင်း (၅) ချောင်း၊ မြစ်ထွက်ပေါက် (၃၆) ခုဖြင့် ရေဆိုးများစွန့်ထုတ်နေခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် သာမန်အားဖြင့်ဆိုလျှင် ရန်ကုန်မြို့တွင်း၌ ရေကြီးရေလျှံဖြစ်စရာအကြောင်းမရှိပေ။

သို့သော် မိုးတွင်းရောက်တိုင်း ရန်ကုန်မြို့မှာ ရေကြီး၊ ရေလျှံမှုဖြစ်နေသည်ကို နှစ်စဉ်မြင်တွေ့နေရသည်။ ဘာကြောင့် ဒီလိုဖြစ်သလဲဆိုသည့် အကြောင်းရင်းကိုတော့ လူတော်တော်များများက ဆန်းစစ်အဖြေရှာခြင်းမရှိသည်ကိုလည်းတွေ့ရသည်။

ကျွန်တော် ရန်ကုန်မြို့ထဲအလုပ်ကိစ္စနဲ့ ရောက်ဖြစ်သည့်အခါ ပတ်ဝန်းကျင်ကို လေ့လာကြည့်မိသည်။ မီးပွိုင့်တွေမှာ ကွမ်းသွေးတွေနီရဲနေသည်။ လမ်းသွားလမ်းလာများက သူတို့လက်ထဲကအမှိုက်ကို အလွယ်တကူပဲ လမ်းမပေါ်ပစ်ချသွားသည်။ တစ်ခါကဆို ကားအကောင်းစားကြီးထဲက လက်တစ်ဖက်ထွက်လာပြီး ပလတ်စတစ်



စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရေနုတ်မြောင်းသန့်ရှင်းရေး မဆောင်ရွက်မီတွေ့ရစဉ်။



စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရေနုတ်မြောင်းသန့်ရှင်းရေး ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



တာမွေမြို့နယ်၊ မြောက်မြင်းပြိုင်ကွင်းလမ်းတွင် ရေမြောင်းများပိတ်ဆို့နေသဖြင့် ယခင်က ရေလျှံနေမှုကိုတွေ့ရစဉ်။



တာမွေမြို့နယ်၊ မြောက်မြင်းပြိုင်ကွင်းလမ်းတွင် ယခုရေလျှံမှုမရှိတော့သည်ကိုတွေ့ရစဉ်။

အိတ်အမှိုက်ကို လမ်းမပေါ်လွှင့်ပစ်သွားသည်ကိုလည်း တွေ့ဖူးသည်။

စည်ပင်မှသန့်ရှင်းရေးဝန်ထမ်းများကလည်း သူတို့တတ်နိုင်သမျှ အစွမ်းကုန်သန့်ရှင်းရေးလုပ်ပေးကြသည်။ သို့သော် တော်တော်များများက ငါတို့အမှိုက်ပစ်လိုက်လျှင် စည်ပင်ကဝန်ထမ်းတွေလာရှင်းကြမှာပဲဆိုတဲ့ အတွေးမျိုးရှိသည်ဟုထင်သည်။ လွှင့်ပစ်လိုက်ကြသည့်အမှိုက်ဆိုတာ တံမြက်စည်းတစ်ခါလှည်းလျှင် တောင်ပုံယာပုံထွက်လာသည်။

တချို့ကျတော့လည်း ရေမြောင်းတွေ့လျှင် အမှိုက်ပစ်လိုက်ရမှနေသာထိုင်သာရှိသွားသလားဟုထင်ရသည်။ ရေမြောင်းထဲကို အမှိုက်လေးတစ်စဖြစ်ဖြစ်ချလိုက်ရမှ နေပျော်သည့်လူမျိုးဖြစ်သည်။ တစ်ခါတလေ အိမ်ထဲကအမှိုက်တွေလှည်းပြီးလျှင် အိမ်ရှေ့ရေမြောင်းထဲကို လွှင့်ပစ်ကြသည်ကလည်း ရိုးရာအစဉ်အလာကြီးတစ်ခုလို ဖြစ်နေသည်။ ဒီတော့ မိုးရွာသည့်အခါ ရေမြောင်းတွေပိတ်ပြီး ရေကြီးရေလျှံမှုဖြစ်တာ မဆန်းတော့ပေ။

မိုးရွာလို့ ရေကြီးရေလျှံဖြစ်ပြီဆိုလျှင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ပြီး အွန်လိုင်းပေါ်တင်ကာ စည်ပင်ဝန်ထမ်းများအလုပ်မလုပ်လို့ ရေကြီးရေလျှံဖြစ်ရတာ၊ အစိုးရကအလုပ်မလုပ်လို့ ရေကြီးရေလျှံဖြစ်ရတာဆိုပြီး ထိုင်အပြစ်တင်သည့်အဖွဲ့က သပ်သပ်ရှိသေးသည်။ စည်ပင်ဝန်ထမ်းများ ရေမြောင်းဆယ်သန့်ရှင်းရေးလုပ်နေသည့်ပုံကိုတော့ ဓာတ်ပုံရိုက်အွန်လိုင်းပေါ်တင်ပေးသူမရှိ။

ရန်ကုန်မှာ မိုးရာသီရောက်သည်နှင့် တစ်ပြိုင်နက် ရေကြီးရေလျှံဖြစ်လေ့ရှိတာကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်မြို့သို့ ရောက်တိုင်း မိုးတွင်းကာလမှာ ရေကြီးရေလျှံမှုများမဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်ထားရန် လမ်းညွှန်ခဲ့သည်ကိုတွေ့ရသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရန်ကုန်မြို့အတွင်း ရေကြီးရေလျှံမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားရုံတင်မဟုတ်ဘဲ လက်တွေ့မြေပြင်မှာလည်းမြစ်ထွက်ပေါက်ရေမြောင်းနေရာများ၊ ရေတံခါးများ အစရှိသည့်နေရာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကွင်းဆင်းကြည့်ရှုပြီး ရန်ကုန်မြို့အတွင်း ရေကြီးရေလျှံမှုမရှိစေရေး လိုအပ်သည်များလုပ်ဆောင်ရန် လမ်းညွှန်မှာကြားခဲ့သည်ကို တွေ့ရသည်။**

နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားချက်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ ရန်ကုန်မြို့တော်ဝန်အပါအဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း တစ်သဝေမတိမ်းလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုများလုပ်ဆောင်နေသည်ကို လေးစားဖွယ်ရာတွေ့ရသည်။

အထူးသဖြင့် ရေစီးရေလာကောင်းမွန်အောင် ရေမြောင်းများအတွင်းမှအမှိုက်များကို ဖယ်ရှားကြသည်။ သန့်ရှင်းရေးတွေလုပ်ကြရသည်။ ရေထိန်းတံခါးတွေကောင်းမွန်အောင် ပြန်လည်ပြုပြင်ကြသည်။ တခြားလိုအပ်သည်များကို ပြုပြင်မှုများ၊ ထိန်းသိမ်းမှုများလုပ်ကြရသည်။

ထို့ပြင် ချောင်းကြီး၊ မြောင်းကြီးများကို တူးဖော်ရှင်းလင်းသည်။ ရေထုတ်ပြွန်များကို ပြုပြင်တည်ဆောက်သည်။ မြစ်ထွက်ပေါက်ရေတံခါးများကို အသစ်တပ်ဆင်သည်။ လမ်းဘေးရေမြောင်းများကိုရှင်းလင်းသည်။ ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့်အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းကြသည်။

**အခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှု၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အနီးကပ်ကြီးကြပ်မှု၊ ရန်ကုန်မြို့တော်ဝန်မှစ၍ စည်ပင်သာယာရေးဝန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုတို့ကြောင့် ရန်ကုန်မြို့အတွင်းရှိ ရေမြောင်းများ၊ ချောင်းများ၊ မြစ်ထွက်ပေါက်များမှာ သပ်သပ်ရပ်ရပ်နှင့် စနစ်တကျရှိနေပြီဖြစ်သည်။ ရေစီးရေလာလည်း ကောင်းမွန်နေပြီဖြစ်သည်။**

ထို့အတွက်လက်တွေ့သက်သေပြရမည်ဆိုလျှင် မကြာသေးခင်က ရီမယ်မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပွားသည်။ အရင်တုန်းက ဒီလိုအချိန်မျိုးဆိုလျှင် ရန်ကုန်မြို့လမ်းမတွေပေါ်မှာ ရေကြီးရေလျှံနေပြီဖြစ်သည်။

အထူးသဖြင့် ဗိုလ်တထောင်မြို့နယ်နဲ့ တာမွေမြို့နယ်ဆိုတာ ရေကြီးရေလျှံမှုအများဆုံးဖြစ်လေ့ရှိသည့် နေရာများဖြစ်သည်။ ဒီနှစ်တော့ မိုးတွင်းမှာ မိုးဘယ်လောက်ရွာရွာ လမ်းမများပေါ်မှာ ရေမတင်တော့ဘဲ ရေကြီးရေလျှံမှုမဖြစ်တော့သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရသည်။

ဒီနှစ်တော့ ရန်ကုန်မှာ ရေကြီးရေလျှံမှုမဖြစ်တော့ဘူးဆိုတာကို နေပြည်တော်မှာနေတဲ့ ကျွန်တော်က မည်ကဲ့သို့သိသနည်းဆိုလျှင် ရန်ကုန်မြို့ထဲမှာတက္ကစီယာဉ်မောင်းအလုပ်ကိုလုပ်နေသည့် ကျွန်တော့်အစ်ကိုကို မေးမြန်းကြည့်လို့သိရခြင်းဖြစ်သည်။ နောက်တစ်နည်းက ရေကြီးရေလျှံနေသည့် ဓာတ်ပုံများအွန်လိုင်းပေါ်တင်တာကို မတွေ့ရတော့သောကြောင့်ဖြစ်သည်။ ဒီအကြောင်းအရာများကို ကျွန်တော်က ကိုထွေးကို ပြောပြလိုက်ခြင်းဖြစ်သည်။

**ကျွန်ုပ်။** "ဘယ်လိုလဲ ကိုထွေး။ ငါရှင်းပြလိုက်တော့ သူငယ်ချင်းလည်း စိတ်ချမ်းသာသွားပြီမလား။"

**ကိုထွေး။** "မင်းပြောမှငါသတိထားမိတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းတုန်းက မိုးတော်တော်ရွာတာလေ။ အဲဒါကွာလမ်းမတွေပေါ် ရေကြီးရေလျှံတာမျိုး လုံးဝမတွေ့ရဘူးဟ။"

**ကျွန်ုပ်။** "ဒါဆိုရင် မိုးတွင်းမိုးရွာမှာကိုတွေးပြီး စိတ်ညစ်မနေနဲ့တော့ ဟုတ်ပြီလား။ ဒါပေမဲ့ သူငယ်ချင်း ငါ့ကိုတစ်ခုတော့ ကူညီပေးကွာ။"

**ကိုထွေး။** "ဘာကူညီပေးရမလဲပြော။ ကူညီဖို့အသင့်ပဲ။"

**ကျွန်ုပ်။** "တခြားတော့မဟုတ်ပါဘူးကွာ။ လမ်းမှာတခြားသူတွေ စည်းကမ်းမဲ့ အမှိုက်ပစ်တာမြင်ရင်၊ ရေမြောင်းတွေထဲ အမှိုက်တွေပစ်တာမြင်ရင် သူငယ်ချင်းက တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ တားမြစ်ပေးဖို့ပါ။ ဒီလိုတားမြစ်ရတာဟာ မင်းတို့ငါတို့အတွက်တင်မဟုတ်ဘဲ အများအတွက် အကျိုးရှိစေဖို့မဟုတ်ဘူးလား။"

**ကိုထွေး။** "ဒါတော့စိတ်ချလိုက်သူငယ်ချင်း။ ငါတို့မြို့၊ ငါတို့ရပ်ရွာတိုးတက်စေဖို့အတွက် ငါတို့အားလုံးက ကိုယ်စီအသိရှိရှိနဲ့ နေထိုင်သွားမှာပါသူငယ်ချင်း။ သူငယ်ချင်းလည်း ရန်ကုန်ရောက်ရင် ငါ့ဆီကိုလာလည်ပါဦး။"

**ကျွန်ုပ်။** "အေးပါသူငယ်ချင်း။ ငါရန်ကုန်ရောက်ရင် လာလည်ပါ့မယ်။ အဲဒါဆို ငါဖုန်းချလိုက်တော့မယ်နော် သူငယ်ချင်း။"

လူတိုင်းတွင် ကိုယ်စီတာဝန်ဆိုတာရှိကြပြီးဖြစ်သည်။ ကိုယ်စီတာဝန်ကျေပွန်နေလျှင် မလိုလားအပ်သည့်ဆိုးကျိုးများဖြစ်လာစရာမရှိပေ။ ဥပမာ ရေမြောင်းထဲအမှိုက်မပစ်ရဘူးဆိုတာကို ပင်ကိုအသိစိတ်ဖြင့်သိကြရမည်ဖြစ်သည်။ ရေမြောင်းထဲအမှိုက်ပစ်လျှင် ရေစီးရေလာမကောင်းတော့ဘဲ ရေကြီးရေလျှံတော့မည်ကို ကျွန်တော်တို့အားလုံးက သိထားရမည်ဖြစ်သည်။

ရေကြီးရေလျှံတော့မှ တာဝန်ရှိသူတွေအလုပ်မလုပ်ဘူးဆိုပြီး ထိုင်အပြစ်တင်နေမယ့်အစား ရေမြောင်းထဲကျနေသည့် အမှိုက်တစ်စကို ဆယ်ယူပေးလိုက်တာက အများအတွက်ပိုပြီး အကျိုးရှိစေသည်။

ကိုယ့်နေရာ၊ ကိုယ့်မြို့နယ်၊ ကိုယ့်နိုင်ငံတိုးတက်စေဖို့ဆိုလျှင် ကျွန်တော်တို့အားလုံးစည်းကမ်းရှိမှရမည်ဖြစ်သည်။ ကိုယ်ကိုယ်တိုင်စည်းကမ်းရှိမှ ကိုယ့်ရဲ့မျိုးဆက်သစ်များကို ကောင်းမွေလက်ဆင့်ကမ်းပေးနိုင်မည်မဟုတ်ပါလား။

ဒါကြောင့် ရေစီးရေလာကောင်းမွန်စေရေး၊ ရေကြီးရေလျှံမှုမဖြစ်စေရေးဆိုတာ ပြည်သူအားလုံးမှာတာဝန်ရှိပြီး ကိုယ့်နေရာ၊ ကိုယ့်ဒေသကို တန်ဖိုးထားကာ စည်းကမ်းရှိရှိ နေထိုင်ကြဖို့လိုအပ်မှာအမှန်ပင်ဖြစ်သည်။ အခုတော့ နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူအဆင့်ဆင့်က တာဝန်ကိုယ်စီကျေပွန်ခဲ့ကြပါပြီ။ ဒီအတွက်ကြောင့်လည်း ဒီနှစ်မိုးတွင်းကစလို့ ရန်ကုန်နေသူတို့ ရေကြီးရေလျှံမှုကင်းဝေးပြီး စိတ်ချမ်းသာနိုင်မည်ကိုတွေးမိရင်း ဝမ်းမြောက်မိကြောင်းပါခင်ဗျာ။ ။

> ရေစီးရေလာကောင်းမွန်စေရေး၊ ရေကြီးရေလျှံမှုမဖြစ်စေရေးဆိုတာ ပြည်သူအားလုံးမှာတာဝန်ရှိပြီး ကိုယ့်နေရာ၊ ကိုယ့်ဒေသကို တန်ဖိုးထားကာ စည်းကမ်းရှိရှိ နေထိုင်ကြဖို့လိုအပ်မှာအမှန်ပင်ဖြစ်သည်။ အခုတော့ နိုင်ငံတော်အကြီးအကဲများနှင့်တာဝန်ရှိသူအဆင့်ဆင့်က တာဝန်ကိုယ်စီကျေပွန်ခဲ့ကြပါပြီ။ ဒီအတွက်ကြောင့်လည်း ဒီနှစ်မိုးတွင်းကစလို့ ရန်ကုန်နေသူတို့ ရေကြီးရေလျှံမှုကင်းဝေးပြီး စိတ်ချမ်းသာနိုင်မည်ကိုတွေးမိရင်း ဝမ်းမြောက်မိ . . .

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွှေတောင်ပေါ်ရှိ စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်းလေးမိုင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်သည့် အမာခံလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာမြို့နယ် ကျောင်းရွာကျေးရွာတွင် သန့်ရှင်းသော မြေအောက်သောက်သုံးရေရရှိရေးအတွက် ရေတွင်းတူးစက်ဖြင့် အဝီစိတွင်းနက်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ မကြာမီကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄)အတွက် ပြင်ဆင်ရမည့်အချက်များကို မှာကြားပြီး စားရိပ်သာတွင်ကျောင်းသူများနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိပ်ဆောင်များ၊ စားရိပ်သာများ၊ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အားကစားခန်းမ၊ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ တက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် မွေးမြူရေးအစာစပ်စက်ရုံ၊ ဝန်ထမ်းသက်သာအရောင်းဆိုင်၊ စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ အသားစားကြက်ခြံ၊ ဥစားကြက်ခြံ၊ ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ ငါးမွေးမြူရေးကန်များတူးဖော်နေမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ရှိ ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲလေးထပ် အင်ဂျင်နီယာအလုပ်ရုံ၊ ကျောင်းသား၊ကျောင်းသူများ၏အိပ်ဆောင်များ၊ စားရိပ်သာများ၊ စားဖိုဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများ တီထွင်ဖန်တီးထားရှိသည့် ခေတ်မီနည်းပညာလက်ရာများ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် ငါးခူမွေးမြူရေးကန်များနှင့် ဒီဂရီကောလိပ် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အသိပေးကြေညာချက်

၁။ Online Social Media Platform များဖြစ်သည့် Facebook၊ Viber၊ Telegram အစရှိသည်တို့ပေါ်တွင် ID အစစ်အမှန်မဟုတ်သည့် အကောင့်(Fake Account) များအသုံးပြု၍ ဘဏ်များမှ ငွေလဲလှယ်နှုန်းများ တိုးမြှင့်ကောက်ခံနေကြောင်းအပါအဝင် မမှန်ကန်သည့် သတင်းများကို ထုတ်ပြန်ဖော်ပြပြီး ငွေကြေးမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိနေရပါသည်။

၂။ အဆိုပါ Website များကိုလိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။ AD လိုင်စင်ရဘဏ်များအနေဖြင့် ဘဏ်၏တရားဝင် Website များတွင် Exchange Counter ၏ အရောင်းအဝယ် ငွေလဲလှယ်နှုန်းများကို ကြေညာပေးလျက်ရှိပြီး အောက်ဖော်ပြပါ Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်-

| စဉ် | ဘဏ်အမည် | Webpage Link |
|---|---|---|
| က | KBZ | https://www.kbzbank.com/en/ |
| ခ | AYA | https://ayabank.com/personal-banking/other-services/foreign-currency-exchange-service#foreign_currency_ exchange_rate |
| ဂ | MAB | https://www.mabbank.com/gtb |
| ဃ | uab | https://www.uab.com.mm/ |
| င | A Bank | https://www.abank.com.mm/en_US/ |
| စ | CB | https://www.cbbank.com.mm/en |
| ဆ | Yoma | https://www.yomabank.com/ |
| ဇ | MCB | https://mcb.com.mm/ |
| ဈ | MOB | https://www.mobmyanmar.com/ |

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုများအနေဖြင့် မမှန်ကန်သည့် Website ကြေညာချက်များကို ယုံကြည်မှုမရှိဘဲ သက်ဆိုင်ရာဘဏ်များ၏ Webiste တွင် ငွေလဲလှယ်နှုန်းများကို ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

၂၉-၅-၂၀၂၄

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးစီမံချက်(မူကြမ်း)ကို ညှိနှိုင်းဆွေးနွေးမည်ဖြစ်ပြီး ပညာရေးညီလာခံ(၂၀၂၄ )ကျင်းပရေးစီမံချက်(မူကြမ်း) နှင့်အညီ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းကို အတည်ပြုပြီးပါက ဦးစီးကော်မတီအစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီ ၁၂ ခုတွင် တာဝန်ပေးအပ်မည့်အမည်စာရင်းကို ဆွေးနွေးအတည်ပြုပေးစေလိုကြောင်း၊ ထို့ပြင် စာတမ်းဖတ်ပွဲများ၏သဘာပတိနှင့် တွဲဖက်သဘာပတိတို့ကိုရွေးချယ်ပေးကြရန်နှင့် ဝန်ကြီးဌာနအလိုက်ပြခန်းများခင်းကျင်းပြသရေးတို့ကိုလည်း ဆွေးနွေးကြစေလိုကြောင်း၊ပညာရေးညီလာခံ(၂၀၂၄)ကို အောင်မြင်စွာကျင်းပနိုင်ရေးဝိုင်းဝန်းလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကျင်းပရေး စီမံချက်များကို ရှင်းလင်းတင်ပြသည်။



ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဖတ်ကြားမည့်စာတမ်းခေါင်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## "ပင့်ကျေရစ်ကြေ၊ သည်နှစ်ထွေ၊ မှတ်လေခွဲခြားခြား" - "ကမ္ဘာမကျေ၊ ယပင့်လေ၊ မသွေမြဲမှတ်ထား"

(ယမန်နေ့မှအဆက်)

အစာကြေသည်၊ အစာကြေဆေးတို့ကို အရစ် "ကြေ" ဖြင့်ရေးရပါသည်။ အစာဆိုသည်မှာ ကိုင်တွယ်၍ရသော၊ ကြည့်ရှု၍ မြင်ရသော အရာဖြစ်သောကြောင့် ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲဖြစ်သော အစာမှုန့်မှုန့်ညက်ညက် ဖြစ်သည်ကိုပင် အစာ "ကြေ" သည်ဟု ဆိုသည်။ အစာကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် စွမ်းဆောင်သောဆေးကိုလည်း အစာကြေဆေးဟုပင်ဆိုရသည်။

သဘောတရားကျေညက်သည်ကို အပင့် "ကျေ"ဖြင့် ရေးရပါသည်။ အဘယ်ကြောင့်ဆိုသော် သဘောတရားဟူသည် ကိုင်တွယ်ထိတွေ့၍ ရကောင်းသော အရာမဟုတ်။ စိတ္တဇနာမ်မျှသာ ဖြစ်သောကြောင့်ဖြစ်၏။

အစာကြေညက်သည်ကိုမူ အရစ်"ကြေ" ဖြင့်ရေးရပေမည်။ အဘယ်ကြောင့်ဆိုသော် အစာသည် ကိုင်တွယ်၍ရသော ကြည့်ရှု၍မြင်ရသော ဝတ္ထုဒြပ်အစိုင်အခဲဖြစ်သဖြင့် ထိုအစာ "မှုန့်မှုန့်ညက်ညက်" ဖြစ်သည်ကို အစာကြေသည်ဟု အရစ် "ကြေ"ဖြင့် ရေးရခြင်းဖြစ်ပါသည်။

သေကျေသည်၊ သေသေကျေကျေ၊ အသေအကျေတို့ကို အပင့် "ကျေ" ဖြင့် ရေးရပါသည်။ များသောအားဖြင့် သေကြေသည်။ သေသေကြေကြေ၊ အသေအကြေဟု အရစ် "ကြေ" ဖြင့် ထင်ယောင်ထင်မှား ရေးသားတတ်ကြသည်ကို တွေ့ရသည်။ စဉ်းစဉ်းစားစား မဟုတ်ဘဲ အမှတ်တမဲ့ ရေးသဖြင့် အရစ် "ကြေ"ဖြင့် ရေးမိခြင်းဖြစ်တန်ရာပါသည်။ စင်စစ်အားဖြင့် သေကျေဟု အပင့် "ကျေ" ဖြင့်ရေးမှ ပျောက်ကွယ်ဟူသော အဓိပ္ပာယ်ပေါ်ပေလိမ့်မည်။ "သေကျေသူ" ရှိသည်ကို အသေအပျောက်ရှိသည်ဟု ဆိုခြင်းပင်ဖြစ်သည်။ အသေအပျောက် ဆိုသည်မှာ သေဆုံးသူ ပျောက်ဆုံးသူ ဆိုသည်မဟုတ်။ "ဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် သေကျေပျက်စီးမှု၊ သေပျောက်ပျက်စီးမှု"ကို ဆိုလိုခြင်းဖြစ်သည်။ (ခရီးဆောင် အဘိဓာန်၊ မျက်နှာ ၃၇၁) သေသွားလျှင် မှုန့်မှုန့်ညက်ညက် ဖြစ်သွားသည့်ထုံးမရှိသဖြင့် သေကြေဟု အရစ် "ကြေ"ဖြင့် ရေးရန် အကြောင်းမရှိပါ။ သေကျေဟု အပင့်ကျေဖြင့် ရေးမှသာ "ကျေ"၏ပျောက်ကွယ်သော အဓိပ္ပာယ်ပေါ်လွင်ပေလိမ့်မည်။ ဝိညာဉ်ပျောက်သွားသည်။ အသက်ပျောက်သွားသည်။ ရှင်နေသောဘဝမှ ပျောက်ကွယ်သွားသည် မဟုတ်ပါလော။

ဤသို့ဖြင့် အပင့် "ကျေ"၊ အရစ် "ကြေ"၏ အခြေခံသဘောသဘာဝ အနက်အဓိပ္ပာယ်ကို သိသာလောက်ပေပြီ။ အကျယ်တဝင့် ရှင်းလင်းရန်၊ ဆွေးနွေးရန်ကား ရှိနေပေသေးသည်။ အပင့် "ကျေ" ၏ အဓိပ္ပာယ်ကို သိသဖြင့် အပင့် "မကျေ"၏ အဓိပ္ပာယ်ကိုလည်းကောင်း၊ အရစ် "ကြေ" ၏ အဓိပ္ပာယ်ကိုသိသဖြင့် အရစ် "မကြေ"၏ အဓိပ္ပာယ်ကိုလည်းကောင်း ဆွေးနွေးရန် လိုတော့မည် မဟုတ်ပါ။ ကမ္ဘာမကျေလော၊ ကမ္ဘာမကြေလော၊ မည်သည်က သင့်လျော်မည်နည်းဆိုသည်ကိုသာ စဉ်းစားဆုံးဖြတ်ရပေတော့မည်။

ယခုအခါ "ကမ္ဘာ"ဟူသောဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားရန်လိုအပ်ပေပြီ။ "ကမ္ဘာ"ဟူသောဝေါဟာရသည် "ကပ္ပ"ဟူသော ပါဠိဝေါဟာရ၊ "ကလ္ပ" ဟူသော သက္ကတဝေါဟာရတို့မှ ရွေ့လျားလာသော ဝေါဟာရဖြစ်သည်ဟု ယူကြပါသည်။ အဘိဓာနပ္ပဒီပိကာကျမ်းတွင် ကပ္ပ၏ အနက်ကို ၁၄ ချက်မျှ ပြထားသော်လည်း မြန်မာတို့က "ကပ္ပ" မှ ရွေ့လျားလာသော ကမ္ဘာ၏အနက်၊ အဓိပ္ပာယ်ကို သုံးမျိုးလေးမျိုးမျှသာ သုံးနှုန်းကြပေသည်။

ခရီးဆောင် မြန်မာအဘိဓာန်တွင် ကမ္ဘာ၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ၃ မျိုးဖွင့်ပြထားပါသည်။

၁။ အလွန်ရှည်လျားသော ကာလအပိုင်းအခြား။
၂။ သတ္တဝါများနေထိုင်ရာ တောတောင်ရေမြေ။
၃။ (သိပ္ပံ) နေရှိရာမှ အစဉ်အားဖြင့် တတိယဖြစ်၍ အရံဂြိုဟ် တစ်လုံးရှိသောဂြိုဟ်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက် ၃ ရပ်တွင် (၁) အဖွင့်သည် မဟာကပ်ကို ဆိုလို၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းစသည်တို့တွင် သုံးသော "ကမ္ဘာ" ဖြစ်သည်။(၂) အဖွင့်သည် သတ္တလောကကြီးကိုဆိုသော "ကမ္ဘာ" ဖြစ်သည်။ (၃) အဖွင့်သည် မဟာပထဝီမြေကြီးကိုဆိုသော "ကမ္ဘာ" ဖြစ်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက် ၃ ရပ်တွင် "ကမ္ဘာမကျေ"မှ ကမ္ဘာသည် မည်သည့်ကမ္ဘာ ဖြစ်ပါသနည်း။ အဖွင့် (၂) မဟုတ်၊ အဖွင့် (၃) မဟုတ်၊ မဟာကပ်ကမ္ဘာကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဤ၌ "ကမ္ဘာ"သည် ကတ္တားပုဒ်မဟုတ်။ ထို့ကြောင့် ကမ္ဘာမကျေဟူသည် မဟာကပ်ကမ္ဘာ (ရှည်လျားချိန်တာ) မပျောက်ကွယ်ဟုလည်းမဆိုလို။ ကမ္ဘာမြေကြီး (မဟာပထဝီ) မပျောက်ကွယ်ဟုလည်း မဆိုလို။ သတ္တလောကကြီး မပျောက်ကွယ်ဟု လည်း မဆိုလို။ ကမ္ဘာသည် အချိန်ပြပုဒ်သာ ဖြစ်ပေသည်။ ကပ်ကမ္ဘာ များစွာ ကြာမြင့်သည့်တိုင်အောင်ဟု ဆိုလိုပါသည်။ မကျေ၊ မကွယ် ပျောက်ဟူသော ကြိယာ၏ ကတ္တားကားအဘယ်နည်း။ နောက်တွင် ကပ်လျက်လာသော "မြန်မာပြည်" ဖြစ်ပါသည်။

ထို့ကြောင့် "ကမ္ဘာမကျေ၊ မြန်မာပြည်" ဆိုသည်မှာ ကပ်ကမ္ဘာများစွာ ကြာမြင့်သည့်တိုင်အောင် ပျောက်ကွယ်မည်မဟုတ်သော မြန်မာပြည်၊ တစ်နည်းဆိုသော် ကပ်ကမ္ဘာများစွာ ကြာမြင့်သည့်တိုင်အောင် ဥဒါန်း မကျေပြောစမှတ်တွင်နေမည့် မြန်မာပြည်ဟု အဓိပ္ပာယ်ဖွင့်သင့်ပါသည်။ "ကမ္ဘာမကျေ"ဟု အပင့် "ကျေ"ကို ယုံကြည်စိတ်ချစွာ သုံးနှုန်းကြပါကုန်။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ငွေများပေးအပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ထောက်ပံ့ပစ္စည်းများနှင့်ပညာသင်ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် မေ ၂၉**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊တပ်ဖွဲ့အသီးသီးတို့၌ ပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကိုရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် လူငယ်ဦးရေ ၁၀၀ ကျော်ကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၌ မေ ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့အဝင်၊အထွက် စစ်ဆေးရေးဂိတ်များ၊ လမ်းများပေါ်တွင် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး မှတ်ပုံတင်မပါရှိသူများ၊ ဆိုင်ကယ်လိုင်စင်မပါရှိသူများနှင့် ဆိုင်ကယ်ဦးထုပ်မပါရှိသူ လူငယ်များကို အကြောင်းပြချက်မျိုးစုံဖြင့် စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေပြီး လူငယ်ဦးရေ ၁၀၀ ကျော် ဖမ်းဆီးခံရကြောင်း အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပန်းတောင်းမြို့နယ်အတွင်း၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းများနှင့် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခြင်းကို မေ ၂၈ ရက်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စနစ်တကျဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး လူငယ်များကို ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန် လုပ်ကြံသတင်းမျိုးစုံကို ဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲပြီး အောက်တန်းကျစွာဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၂၁၆၉၄ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၂၁၆၉၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၂၁၆၉၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးခဲ့သည့် ပဲတီစိမ်း စိုက်ခင်းများကို မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ဧကလျှင် ၂၀ ဒသမ ၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ပဲတီစိမ်း ၂၁၆၉၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ပဲတီစိမ်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့အခြား လိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ ပဲသီးနှံများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ဖောင်မြောင်တောင်ပိုး စသည့် ပိုးမွှားအန္တရာယ်များမကျရောက်စေရန်၊ ပဲတီစိမ်းများအထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းမွန်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**ငဖဲ မေ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်ထားမှုကို မေ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ



စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပေါင်းကလေးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၁၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ဇင်မာ**

# ချောင်းဆုံမြို့နယ် ကဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ချောင်းဆုံ မေ ၂၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောင်းဆုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကဒါကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ်သုည ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၈ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ငွေကျပ် ၅၇ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

## ဆေးလိပ်သောက်ခြင်းရပ်တန့်စို့

- ဆေးလိပ် စီးကရက် သောက်သုံးတာ
  လူတိုင်းပင်ရှောင်ခွာ။

- အဆိပ်ပမာ ဆိုဖွယ်တည့်
  ကောင်းကျိုးဘယ်မရှိ။

- ဆေးလိပ်သောက်သည့် သူများကို
  လေ့လာကြည့်မည်ဆို။

- ရုပ်ရည်နုပျိုလန်းဆန်းခြင်း
  ယုတ်လျော့ကာပျက်ယွင်း။

- သွေးကြောကျဉ်း၍ လေဖြတ်ကာ
  အဆုတ် တီဘီ ကင်ဆာ။

- ရောဂါတွေလည်း ဖြစ်နိုင်၏
  ဆိုးရွားလှသည်တည့်။

- မူးယစ်ဆေး၏ သားကောင်တွေ
  ဆေးလိပ်ကစပေ။

- စမ်းသပ်ကာလေ သောက်သုံးမှု
  စွဲလမ်းကာလေ သောက်သုံးမှု
  ရပ်တန့်စို့ယခု။ ။

**မနော်သစ်(ပခုက္ကူ)**

# စဉ့်ကူးမြို့နယ် တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တလိုင်းငုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

# ရှင်ကျန်းအရေးတွင် လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် စွက်ဖက်လျက်ရှိသောအမေရိကန်

မကြာသေးမီနှစ်များအတွင်း အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်သည် တရုတ်နိုင်ငံ၏ ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို လက်နက်တစ်ရပ်အဖြစ် အသုံးချလာလျက်ရှိသည်။ ထို့ပြင် ၎င်းဒေသအပေါ် အစိုးရ၏စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍လည်းအပုပ်ချပြောဆိုမှုများလုပ်ဆောင်ကာ တရုတ်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟုစွပ်စွဲပြောဆိုလျက်ရှိသည်။ သို့သော် အဆိုပါစွပ်စွဲပြောဆိုမှုများသည် ရှင်ကျန်းဒေသ၏ ပကတိအခြေအနေမှန်ကို ထင်ဟပ်ပေါ်လွင်ခြင်းမရှိပေ။

တရုတ်နိုင်ငံက ရှင်ကျန်းနှင့် ဆက်စပ်သော ပြဿနာများသည် လူ့အခွင့်အရေး၊ လူမျိုးရေး၊ ဘာသာရေးတို့နှင့် လုံးလုံးလျားလျားသက်ဆိုင်မှုမရှိဘဲ အကြမ်းဖက်ဝါဒနှင့် ခွဲထွက်ရေးဝါဒီများကိုသာ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း အကြိမ်ကြိမ်ဖော်ပြပြီးဖြစ်သည်။ ခွဲထွက်ရေးသမားများသည် ခွဲထွက်ရန်နှင့် ရှင်ကျန်းပြည်နယ်ကိုထိန်းချုပ်ရန် အဖျက်အမှောင့်လုပ်ငန်းများကို ကာလရှည်ကြာလုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်နေခြင်းသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအားယုတ်လျော့စေပြီး ဒေသတွင်းနေထိုင်လျက်ရှိသော လူမျိုးစုများကို အတိဒုက္ခရောက်စေလျက်ရှိသည့်အပြင် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ အလယ်အာရှနှင့် တောင်အာရှတို့အပြင် ကမ္ဘာ့ငြိမ်းချမ်းမှုကိုပင်လျှင် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်အာဏာပိုင်များသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေနှင့်အညီ ရှင်ကျန်းဒေသတွင် အကြမ်းဖက်ဝါဒ တန်ပြန်တိုက်ဖျက်ရေးနှင့် လူမျိုးရေးဆိုင်ရာ အစွန်းရောက်လှုပ်ရှားမှုလျှော့ချရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ လူမျိုးစုအားလုံးထံမှ ထောက်ခံမှုများစွာ ရရှိလျက်ရှိသည်။ တရုတ်နိုင်ငံသည် အနောက်နိုင်ငံများကို တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုအပေါ် ထိခိုက်စေနိုင်သည့် ခွဲထွက်လှုပ်ရှားသူများ၏ ပြောဆိုမှုများနှင့် လုပ်ဆောင်မှုများကို အားပေးအားမြှောက်မလုပ်ကြရန် တိုက်တွန်းထားလျက်ရှိသည်။

သမိုင်းကြောင်းဆိုင်ရာပြဿနာများ၊ နိုင်ငံတကာဝန်းကျင်၊ ပြင်ပမှဝင်ရောက်စွက်ဖက်မှုများနှင့် လူမျိုးရေးဆိုင်ရာဆက်ဆံရေးများအပါအဝင် အကြောင်းခြင်းရာများစွာသည် ခွဲထွက်ရေးဝါဒပေါ်ပေါက်ပျံ့နှံ့မှုကို ဖြစ်ပေါ်စေလျက်ရှိသည်။ ခွဲထွက်ရေးဝါဒသည် အကြမ်းဖက်လှုပ်ရှားမှုများနှင့် ပြည်တွင်းစစ်များကိုသာ မကြာခဏဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် ခွဲထွက်ရေးဝါဒသည် နိုင်ငံမှန်သမျှအပေါ် ခြိမ်းခြောက်မှုအဖြစ် ရှုမြင်နိုင်ပေသည်။ အမေရိကန်၊ ပြင်သစ်နှင့် ကနေဒါတို့ကဲ့သို့သော အနောက်နိုင်ငံများသည်ပင်လျှင် သမိုင်းတစ်လျှောက် အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်ခဲ့ရပြီး အဆိုပါနိုင်ငံများသည် အရေးယူဆောင်ရွက်သည့် အစီအမံများကို ခပ်ကြမ်းကြမ်းလုပ်ဆောင်ခဲ့ကြသည်။

အမေရိကန်ပြည်တွင်းစစ်ပွဲ(၁၈၆၁-၁၈၆၅)တွင် အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်းနှင့် ၎င်း၏ အစိုးရအဖွဲ့၏အဓိကရည်မှန်းချက်သည် ခွဲထွက်ရေးဝါဒကို ချေမှုန်းသွားရန်ဖြစ်ကြောင်း သမိုင်းအထောက်အထားအချက်အလက်များစွာက ဖော်ပြလျက်ရှိပြီး ကျွန်စနစ်ဖျက်သိမ်းခြင်းနှင့် လူမည်းများ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးတို့သည် သွယ်ဝိုက်ဖြစ်ပေါ်လာသည့်ရလဒ်မျှသာဖြစ်သည်။ ထို့ပြင် လင်ကွန်းက "မိသားစုတစ်စုသည် နှစ်ခြမ်းကွဲနေမည်ဆိုလျှင် ရပ်တည်နိုင်မည်မဟုတ်ကြောင်း"ပြောကြားခဲ့သည်။

သို့သော် အမေရိကန်သည် ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို အခိုင်အမာကာကွယ်စောင့်ရှောက်ပြီးနောက် အခြားသောနိုင်ငံများမှ ခွဲထွက်ရေးလှုပ်ရှားမှုများကိုထောက်ခံအားပေးခဲ့သည်။ အမေရိကန်၏ တက္ကဆက်ပြည်နယ်သည် ယခင်က မက္ကဆီကိုနိုင်ငံ၏ အစိတ်အပိုင်းဖြစ်သော်လည်း နောက်ပိုင်းတွင် အမေရိကန်၏အထောက်အပံ့ဖြင့် Lone Star Republic ခွဲထွက်အစိုးရကိုထူထောင်ခဲ့ပြီး ၁၈၄၅ ခုနှစ်တွင် အမေရိကန်နှင့်ပူးပေါင်းခဲ့သည်။ ထို့ပြင် ပနားမားနိုင်ငံသည် အမေရိကန်၏ထောက်ခံမှုဖြင့် ၁၉၀၃ ခုနှစ်တွင် ကိုလံဘီယာမှ ခွဲထွက်ခဲ့သည်။




ရှင်ကျန်းဒေသသည် ရှေးယခင်ကတည်းက တရုတ်နိုင်ငံ၏ နယ်မြေအစိတ်အပိုင်းဖြစ်ပြီး ၎င်းဒေသတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွနေထိုင်ကာ ယဉ်ကျေးမှုပေါင်းစုံ အပြန်အလှန်ဖလှယ်လျက် ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်လျက်ရှိသည်ဆိုသောအချက်ကို ခွဲထွက်အုပ်စုများက လက်ခံရန်ငြင်းဆိုလျက်ရှိသည်။ ၎င်းတို့အနေဖြင့် ဆူပူအကြမ်းဖက်မှုနှင့် အစွန်းရောက်လှုပ်ရှားမှုများ လုပ်ဆောင်ကာ ၎င်းတို့၏တောင်းဆိုမှုများကို လိုက်လျောရန်လည်း အစိုးရကို ဖိအားပေးလျက်ရှိသည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းထိ ခွဲထွက်ရေးလှုပ်ရှားသူများ၊ အကြမ်းဖက်သမားများနှင့် အစွန်းရောက်အဖွဲ့များသည် ရှင်ကျန်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှု ထောင်ပေါင်းများစွာလုပ်ဆောင်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများစွာနှင့် ရဲတပ်ဖွဲ့ရာပေါင်းများစွာသေကျေထိခိုက်ခဲ့ပြီး ပစ္စည်းဥစ္စာများစွာလည်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်းကို စာရင်းအင်းများက ပြသလျက်ရှိသည်။

ပြင်ပလေ့လာသူများအနေဖြင့် ရှင်ကျန်းဒေသ လူ့အခွင့်အရေးပြဿနာကို လေ့လာသွားမည်ဆိုလျှင် ခွဲထွက်ရေးဝါဒအောက်တွင် အပြစ်မဲ့ပြည်သူများစွာအပေါ် အကြမ်းဖက်တိုက်ခိုက်မှုထောင်ပေါင်းများစွာ လုပ်ဆောင်ခဲ့မှုကို ဦးစွာလေ့လာကြည့်ရှုသွားသင့်ပေသည်။ အဆိုပါတိုက်ခိုက်မှုများသည် ဒေသခံပြည်သူများ၏ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်နေသည်မှာ ၂၅ နှစ်ခန့် ကြာမြင့်နေပြီဖြစ်သည်။ ထို့ကြောင့် အဆိုပါလုပ်ရပ်များအဆုံးသတ်သွားမှသာလျှင် ငြိမ်းချမ်းမှုနှင့်သာယာဝပြောမှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

တရုတ်အစိုးရသည် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒကို ပြတ်ပြတ်သားသားဖိနှိပ်ချေမှုန်းလျက်ရှိသည်။ မျိုးနွယ်စုများကို ပညာသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဥပဒေဆိုင်ရာအကြောင်းအရာများကို ပိုမိုသိရှိအောင်ဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားဘာသာစကားနှင့်အတူ တရုတ်ဘာသာစကားအဆင့်အတန်းကို ပိုမိုလေ့လာသင်ယူစေခြင်းတို့ဖြင့် မျိုးနွယ်စုများကြား တရုတ်ကိုယ်ပိုင်လက္ခဏာ ပိုမိုခိုင်မာအားကောင်းလာအောင်လည်း လုပ်ဆောင်လျက်ရှိသည်။

ရှင်ကျန်းဒေသတွင် တရုတ်စံနှုန်းများကိုသင်ကြားပေးနေသည့်အချိန်တွင် အခြေခံနှင့် အလယ်တန်းအဆင့်၌ အူဂါ၊ ကာဇက်၊ ကာဂျစ်၊ မွန်ဂိုလီးယား၊ ရှီဘေးနှင့် အခြားသောဘာသာစကားများကိုသင်ကြားပေးလျက်ရှိသည်။ ထို့ပြင် လူနည်းစုမျိုးနွယ်စုများကို ကိုယ်ပိုင်ဘာသာစကား လေ့လာသင်ယူအသုံးပြုခွင့်နှင့် ၎င်းတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို ထိရောက်စွာကာကွယ်နိုင်ရေးအတွက်လည်း အကာအကွယ်ပေးထားသည်။

အမေရိကန်၊ ပြင်သစ်နှင့် အခြားသောအနောက်နိုင်ငံများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော် ၂၀၀ လောက်က အလားတူအစီအမံများချမှတ်ဆောင်ရွက်ခဲ့သည်။ ပြင်သစ်ဘာသာစကားကို တတ်မြောက်ကြောင်း သရုပ်ပြသရခြင်းသည် ပြင်သစ်နိုင်ငံသားလျှောက်ထားမှုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုနှင့် အမေရိကန်ဥပဒေများကိုလေ့လာခြင်းသည် အမေရိကန်တွင် နိုင်ငံသားအဖြစ်ခံယူမှု၏ အဓိကအစိတ်အပိုင်းပင်ဖြစ်သည်။

သို့သော် အလားတူလုပ်ငန်းအစီအမံများအတိုင်း ဆောင်ရွက်သော တရုတ်နိုင်ငံသည် အမေရိကန်၏ အခြေအမြစ်မရှိသော စွပ်စွဲမှုများနှင့် လုပ်ကြံပြောဆိုမှုများကို ရင်ဆိုင်ရလျက်ရှိသည်။ အမေရိကန်သည် ရှင်ကျန်းဒေသ၏သဘောထားဘာဝကို ရည်ရွယ်ချက်ရှိရှိဖြင့် ရှုပ်ထွေးအောင် လုပ်ဆောင်လျက်ရှိသည့်အပြင် ဒေသတွင်းပိတ်ဆို့မှုများလုပ်ဆောင်ရန် အကြောင်းပြချက်တစ်ရပ်အနေဖြင့် ရှင်ကျန်းဒေသတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု လုပ်ဇာတ်ခင်းလျက်ရှိသည်။

လွန်ခဲ့သောနှစ်များအတွင်း အမေရိကန်ကွန်ဂရက်သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရန်အကြောင်းပြချက်ဖြင့် ရှင်ကျန်းဒေသနှင့် ဆက်စပ်သော ဥပဒေမူကြမ်း ၁၅၀ ကျော်ကို အဆိုပြုခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကွန်ဂရက်သည် ကောလာဟလများ၊ မမှန်မကန်စွပ်စွဲပြောဆိုမှုများနှင့် လိုရာဆွဲရေးသားထားသော အစီရင်ခံစာများကို အခြေခံလျက် အူဂါလူ့အခွင့်အရေးမူဝါဒ ၂၀၂၀ နှင့် အူဂါအတင်းအဓမ္မစေခိုင်းမှု ကာကွယ်စောင့်ရှောက်ရေးဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။

အမေရိကန်သည် ရှင်ကျန်းဒေသ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး အကြောင်းပြချက်ဖြင့် တရုတ်အရာရှိ ၁၀ ဦးနှင့် ကုမ္ပဏီ ၃၀ ကျော်တို့ကိုလည်း ပိတ်ဆို့မှုများချမှတ်ခဲ့သည်။ ထို့ပြင် အမေရိကန်သည် ၂၀၂၀ ပြည့်နှစ်အစောပိုင်းကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ထားသော အရှေ့တာကစ္စတန် အစ္စလာမ့်လှုပ်ရှားမှုအဖွဲ့(East Turkistan Islamic Movement) ကိုလည်း ၎င်းတို့၏ အကြမ်းဖက်ဝါဒနှင့်ဆက်နွယ်သောစာရင်းမှ ပယ်ဖျက်ခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်အားလုံးသည် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြင်းပြင်းထန်ထန်ချိုးဖောက်လျက်ရှိသည့်အပြင် ခွဲထွက်လှုပ်ရှားသူများကို အန္တရာယ်ရှိသောသတင်းစကားများပေးနေခြင်းပင်ဖြစ်သည်။

အမေရိကန်သည် ကမ္ဘာတစ်ဝန်းအကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ စံနှုန်းနှစ်ရပ်ချမှတ်ထားရှိသည်။ ၎င်းတို့အနေဖြင့် မဟာမိတ်များ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို အမြဲတစေပံ့ပိုးကူညီပြီး အဆိုပါနိုင်ငံများတွင်ရှိသော ခွဲထွက်ရေးအုပ်စုများကို ဖိနှိပ်လျက်ရှိသည်။ သို့သော် ပြိုင်ဘက်နိုင်ငံ သို့တည်းမဟုတ် ရန်ဘက်နိုင်ငံအဖြစ် သဘောထားလာသည့်အချိန်တွင် အမေရိကန်သည် ဘာသာရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအကြောင်းပြချက်များဖြင့် ခွဲထွက်အုပ်စုများကို ပံ့ပိုးကူညီလျက်ရှိသည့်အပြင် လက်နက်ကိုင်ကာ တိုက်ရိုက်ဝင်ရောက်စွက်ဖက်မှုများပင်လျှင် လုပ်ဆောင်လေ့ရှိသည်။

ရှင်ကျန်းဒေသရှိ ခွဲထွက်ရေးဝါဒအပေါ် အမေရိကန်၏သဘောထားအမြင်သည် လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် ဝင်ရောက်စွက်ဖက်လိုသည်မှာ လယ်ပြင်မှာ ဆင်သွားသည်ထက် ထင်ရှားလျက်ရှိသည်။ အမေရိကန်အနေဖြင့် ရှင်ကျန်းဒေသခွဲထွက်ရေးအဖွဲ့များအပေါ် ပံ့ပိုးကူညီရန်အတွက် မည်သည့်အကြောင်းပြချက်ကိုအသုံးပြုနေသည်ဖြစ်စေ ၎င်း၏ ခွဲထွက်ရေးလိုလားသော လုပ်ဆောင်မှုများသည် တရုတ်နိုင်ငံ၏အမျိုးသားအကျိုးစီးပွားများကို ထိခိုက်စေလျက်ရှိသည်။

စင်စစ်အားဖြင့် ခွဲထွက်ရေးဝါဒသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် ခြိမ်းခြောက်စေလျက်ရှိသည့်အပြင် လက်ရှိနိုင်ငံတကာအခင်းအကျင်းအပေါ်တွင်လည်း ဒေသတွင်းမငြိမ်သက်မှုနှင့် နိုင်ငံတကာပဋိပက္ခများအဖြစ် သက်ရောက်မှုပြင်းပြင်းထန်ထန်ဖြစ်ပေါ်စေမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကမ္ဘာ့ရေးရာများတွင် တာဝန်ယူမှုရှိသည့် အဓိကနိုင်ငံများဖြစ်သော တရုတ်နှင့် အမေရိကန်တို့သည် ခွဲထွက်ရေးဝါဒဆန့်ကျင်ရန်နှင့် ရှိရင်းစွဲ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့် စနစ်တို့ကိုထိန်းသိမ်းရန် ပူးတွဲကြိုးပမ်းဆောင်ရွက်သွားသင့်ပေသည်။ ထိုသို့ပူးပေါင်းခြင်းမရှိဘဲ လက်ရှိနိုင်ငံတကာအခင်းအကျင်းပြိုလဲသွားမည်ဆိုလျှင် နောက်ဆက်တွဲဆိုးကျိုးကို ကမ္ဘာ့နိုင်ငံအားလုံး ခံစားရမည်ဖြစ်ပေသည်။

**ကိုးကား**

- **ALL ABOUT HUMAN RIGHTS BY BEIJING REVIEW.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ရေဘဝဲပိသျှာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလတွင် ရေဘဝဲပိသျှာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ရေဘဝဲပိသျှာချိန် ၅၃၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ရေဘဝဲပိသျှာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ရေဘဝဲတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ရေဘဝဲပိသျှာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်က ရေထွက်ကုန်တွေ အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ရေဘဝဲတွေကို လတ်တလောပင်လယ်စာ အရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလိုတင်ပို့အားလဲ တက်လာတာပါ"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေး လက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၀၅၀၀၊ ရေဘဝဲ လက်တိုတစ်ကီလိုလျှင်ငွေကျပ် ၁၉၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်း၊ တင်ပို့အား ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ဇလောင်း(တ)ကျေးရွာ၌ သံ‌ဂဟေဆက်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဆင်းပွဲကို မေ ၂၈ ရက် နံနက်ပိုင်းက ဇလောင်း(တ)ကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို စဉ်ဆက်မပြတ်လေ့လာကာ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုအတွက် အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ကြိုးစားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် တာဝန်ရှိသူများက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းကို ပြီးမြောက်အောင် တက်ရောက်ခဲ့ကြသည့် သင်တန်းသားများ၊ နည်းပြဆရာများကို သင်တန်းဆင်းလက်မှတ်များ၊ အမှတ်တရ လက်ဆောင်များကို အသီးသီး ပေးအပ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဇလောင်း(တ)ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသား ၁၅ ဦးတက်ရောက်ပြီး သင်တန်းတွင် သံဂဟေဆက်နည်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာက ကုလားထိုင်၊ စားပွဲ၊ ခုတင်နှင့်သံပန်းတံခါး ပြုလုပ်နည်းများကို မေ ၁၄ ရက် မှ မေ ၂၈ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧကစိုက်ပျိုးမည်

**ကျွန်းလှ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုအနေနဲ့ လျာထားတာထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ အစေ့ထုတ်ပြောင်း ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက်လဲ အသိပညာပေးတာတွေလုပ်တယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးသွားမယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၇၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ ၁၄၉၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပြောင်းသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး၊ ချင်းနှင့်ငရုတ် ပိုးသတ်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် လက်ပန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဆင်ပေါင်ဝဲ မေ ၂၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ရွာလင်းကျေးရွာအုပ်စု လက်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မေ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက လက်ပန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် အသင်းသား၊ အသင်းသူများမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက လက်ပန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

လက်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၈၅သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

# ကွန်ဟိန်းမြို့နယ် ဟိုကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွန်ဟိန်း မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လိုက်ကမ်ကျေးရွာအုပ်စု ဟိုကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုကျယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၂၉၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် သိန်း ၁၇၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇ ဦးကို ရန်ပုံငွေကျပ် ၄၆၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့။

# ကျောင်းစာကြည့်တိုက်များ အသက်ဝင်ပါစေ

ညွန့်ဝင်း(နတ်တလင်း)

စာဖတ်သောလူမျိုးသည် တိုးတက်သည်ဟု ယုံကြည်လက်ခံထားကြသည်။ လက်တွေ့တွင်လည်း စာဖတ်သောလူမျိုးတိုင်း တိုးတက်ကြသည်။ စာကြည့်တိုက်များသည် ဘဝတက္ကသိုလ်ဟုဆိုသည်နှင့်အညီ လေ့လာမှတ်သားစရာများကို မပြတ်လေ့လာ၍ အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချလျှင် ဘဝအောင်မြင်မှုများ ရရှိမည်ဖြစ်သည်။ စာဖတ်သည့်အလေ့သည် လေ့ကျင့်ပျိုးထောင်ယူရ၏။ ငယ်ငယ်ကစ၍ စာဖတ်သည့်အကျင့်စွဲမြဲအောင် ကြိုးစားသူများသည် ဘဝအတွက် အလွန်အဖိုးတန်သောပညာများကို ရယူတတ်သူများဖြစ်လျက်ရှိကြကုန်၏။ သို့ဆိုလျှင် စာဖတ်ခြင်းအလေ့အထကို မည်သည့်နေရာက စတင်ပျိုးထောင်ပေးနိုင်ပါသနည်း။ ကလေးငယ်တိုင်း ကျောင်းများတွင် စတင်တက်ရောက်သင်ကြားရသည်ဖြစ်ရာ ကျောင်းစာကြည့်တိုက်နှင့် စာဖတ်သည့်အကျင့်ကို လေ့ကျင့်ပျိုးထောင်မှုသည် ကျောင်းများတွင် အတန်းစာသင်ကြားမှုများနှင့်အတူ ကွဲကူးရေပါလေ့ကျင့်သင်ကြားပေးရမည့် ပျိုးထောင်မှုတစ်ခုဖြစ်သည်။

ကျောင်းအများစုတွင် စာကြည့်တိုက်ကို မည်ကာမတ္တထားရှိခြင်း၊ အချို့ကျောင်းစာကြည့်တိုက်များတွင် စာအုပ်စာပေ မပြည့်စုံခြင်း၊ စာကြည့်တိုက်များ ပိတ်နေခြင်းတို့ကို တွေ့ရသည်။ အချို့ဆရာများသည် စာမဖတ်သကဲ့သို့ တပည့်များကိုလည်း စာဖတ်ရန် မတိုက်တွန်းကြပေ။ ဆိုရှယ်မီဒီယာများ အလွန်ခေတ်စားလာသည့် ယခုခေတ်တွင် ကျောင်းစာကြည့်တိုက်များအသက်မဝင်မှုကြောင့် စာမဖတ်သူများ တဖြည်းဖြည်းများပြားလာပေသည်။ ၎င်းသည် နိုင်ငံအတွက်ရော တစ်မျိုးသားလုံးအတွက်ပါ ကောင်းသောလက္ခဏာမဟုတ်ပေ။

ကျောင်းများတွင် စာကြည့်တိုက် ယဉ်ကျေးမှုထွန်းကားလာအောင် ကြိုးစားကရရှိမည်ဖြစ်သကဲ့သို့ ဘက်စုံကဏ္ဍစုံအောင်မြင်အောင် ဆောင်ရွက်ကြရမည်။ စာရေးသူသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က တောမြို့ကလေးတစ်မြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်းသို့ အထက်တန်းပြတာဝန်ဖြင့် ရောက်ခဲ့ရသည်။ ကျောင်းတွင် စာကြည့်တိုက်တော့ရှိသည်။ သို့သော် ထုံးစံအတိုင်း စာကြည့်တိုက်တံခါးသည် အမြဲပိတ်နေသည်။ ထို့ကြောင့် စာရေးသူက ကျောင်းအုပ်ကြီးနှင့် ညှိနှိုင်းတိုင်ပင်၍ စာကြည့်တိုက်လှုပ်ရှားမှု စတင်ရန်ပြင်ဆင်သည်။ ကျောင်းအုပ်ကြီးက စာရေးသူကို စာကြည့်တိုက်မှူးတာဝန်ပေးအပ်ပြီး စာကြည့်တိုက်၏လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်စေသည်။

ပထမဦးစွာ စာအုပ်များကို အမျိုးအစားအလိုက်ခွဲခြား၍ သပ်သပ်ရပ်ရပ် ပြန်စီသည်။ စာအုပ်များပြန်စီခြင်း၊ ပြန်လည်နေရာချထားခြင်းကို ဆရာ၊ ဆရာမနှင့် ကျောင်းသားအင်အားကို အသုံးပြုဆောင်ရွက်၍ နေ့ချင်းပြီးစီးသွားသည်။ ဒုတိယအဆင့်အနေဖြင့် စာကြည့်တိုက်တွင် မရှိသေးသော၊ လိုအပ်သော စာအုပ်စာပေများကို ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေကို အသုံးပြု၍ ဝယ်ယူဖြည့်ဆည်းသည်။

စာကြည့်တိုက်တွင် စာအုပ်စာပေများ ဖြည့်ဆည်း၍ စနစ်တကျ စီစဉ်ထားပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများ စာဖတ်စေရန် ဆောင်ရွက်ရပါတော့မည်။ စာကြည့်တိုက်ကို ကျောင်းဖွင့်ရက်တိုင်း နေ့စဉ်ဖွင့်လှစ်ထားကာ ကျောင်းအားလပ်ချိန်နှင့် အခြားအားလပ်ချိန်များတွင် စာကြည့်တိုက်သို့ ဝင်ရောက်ဖတ်ရှုရန် နှိုးဆော်လိုက်သည်။ သို့သော် အချိန်နှစ်ပတ်၊ သုံးပတ်ကြာသည်ထိ ဆရာ၊ ဆရာမများလည်း စာကြည့်တိုက်ဘက်မလှည့်။ ကျောင်းသားများလည်း စာကြည့်တိုက်ထဲသို့ယောင်၍ပင်မလာကြပါ။ စာရေးသူ စိတ်မကောင်းဖြစ်ရသည်။ စာကြည့်တိုက်တွင် ဖတ်စရာ၊ မှတ်စရာ စာအုပ်များရှိလျက်နှင့် မည်သူမျှလာမဖတ်၍ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မပျက်လိုသောကြောင့် စာရေးသူ စဉ်းစားရသည်။

စာရေးသူတစ်ယောက်တည်း စဉ်းစားလုပ်ကိုင်ခြင်းထက် အတွေ့အကြုံရှိသူအကြီးအကဲနှင့်ပူးပေါင်းလုပ်ကိုင်ရန်လိုအပ်သည်ဟု သုံးသပ်မိသည်။ သို့ဖြစ်၍ ကျောင်းအုပ်ကြီးနှင့် ရပ်မိရပ်ဖများကို အစည်းအဝေးဖိတ်ကြား၍ တွေ့ဆုံညှိနှိုင်းလိုက်သောအခါ အဖြေတစ်ခုရသည်။ စာဖတ်ခြင်းကို အပတ်စဉ်၊ နေ့စဉ်အလှည့်ကျ (တာဝန်ကျ) လုပ်ကိုင်ရန် အစီအစဉ်ဖြစ်သည်။ ထိုအစီအစဉ်အရ တာဝန်ကျသောအတန်းက စာကြည့်တိုက်တွင် စာလာဖတ်ရမည်။ ထိုအချိန်တွင် ထိုအတန်း၌

> ❖ ယခုအခါ နိုင်ငံတော်က ပညာရေးနှင့်ပတ်သက်၍ ဗဟုသုတပြည့်စုံကြွယ်ဝစေရေး၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်၏လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် စာအုပ်စာပေများ လှူဒါန်းဆောင်ရွက်လျက်ရှိသည်။ စာဖတ်ရှိန်မြှင့်တင်ရာတွင် အွန်လိုင်းမီဒီယာများမှ စာပေဖတ်ရှုနိုင်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသဖြင့် ဘဝအတွက် အမှန်တကယ်အကျိုးရှိစေမည့်စာပေများကို စာကြည့်တိုက်များတွင် ရှာဖွေဖတ်ရှုတတ်ရန်လိုပေသည်။ ❖

တာဝန်ကျသောဆရာကလည်း ကျောင်းသားများကို စာကြည့်တိုက်တွင် လိုက်လံကြီးကြပ်ရင်း စာဖတ်ခွင့်ပေးသည်။ စာကြည့်ချိန်ကို နံနက်ကျောင်းမတက်မီနှင့် နေ့လယ်စာသင်ချိန်များတွင် သတ်မှတ်ထားသည်။

စာရေးသူက အလှည့်ကျ စာဖတ်ရမည့် အတန်းစာရင်းစာရွက်ကို ကြော်ငြာသင်ပုန်းတွင် ကပ်ထားသည်။ နေ့လယ် ထမင်းစားပြီးချိန်တွင် စာဖတ်ရန် အချိန်ခွဲဝေသတ်မှတ်ပေးထားသဖြင့် စာရေးသူက အလှည့်ကျအတန်းများ၏ စာဖတ်ရှုမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။ စာကြည့်တိုက်တွင် တာဝန်ကျဆရာရောက်နေသော်လည်း ကျောင်းသား၊ ကျောင်းသူများကို မတွေ့ရချေ။ သို့နှင့် အကြောင်းစုံမေးကြည့်သောအခါ စာမဖတ်ချင်ဘူးဟု ပြောကြကြောင်း သိရသည်။ ထိုနည်းအတိုင်းဆိုလျှင် စာဖတ်ကြမည်မဟုတ်သဖြင့် စဉ်းစားရပြန်သည်။ စာရေးသူက နောက်တစ်မျိုးစဉ်းစား၍ စမ်းသပ်ကြည့်လိုက်သည်။ ထိုနည်းမှာ စာဖတ်လျှင် ဖတ်၊ မဖတ်သူကို အပြစ်ခံယူရမည်ဟု သတ်မှတ်သည့် နည်းဖြစ်သည်။ ထိုနည်းကြောင့် အလုပ်စဖြစ်လာသည်။ အပြစ်ခံယူရမည်ကိုကြောက်၍ စာလာဖတ်ကြသည်။ တဖြည်းဖြည်း စာဖတ်ခြင်းကို အရသာတွေ့လာသည့်အခါ ပုံမှန်စာဖတ်လာကြတော့သည်။

ကျောင်းတွင် စာဖတ်သူဆွေးနွေးပွဲများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပူးပေါင်း၍ အကောင်အထည်ဖော်ခဲ့သည်။ ဆရာ၊ ဆရာမများကိုလည်း ကျောင်းစုဝေးကွင်းတွင် အလှည့်ကျစကားပြောရန် စီစဉ်ခဲ့သည်။ ကျောင်းစုဝေးကွင်းတွင် တပည့်များကို သွန်သင်ဆုံးမစကားပြောရာ၌ အကြောင်းအရာမထပ်အောင် အလှည့်ကျပြောစေသည်။ ဆရာ၊ ဆရာမတို့လည်း အသစ်အသစ်သော အကြောင်းအရာများပြောနိုင်ရန် စာဖတ်လာကြသည်။ တပည့်များကိုလည်း မိမိဖတ်မှတ်ခဲ့သော အကြောင်းအရာများကို ကျောင်းစုဝေးကွင်းတွင် ရှေ့ထွက်၍ အလှည့်ကျပြောစေသည်။ ထိုသို့ ပုံမှန်ပြုလုပ်ခဲ့ရာ အကျိုးထူးများ ခံစားကြရသည်။

စာရေးသူတို့ကျောင်းသို့ ပညာသင်နှစ် နှစ်ဝက်လောက်တွင် တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ စာရေးဆရာကြီးများနှင့် စာပေပညာရှင်များ လာရောက်၍ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆရာကြီးများက ကလေးများ စာဖတ်ရန်၊ လူတိုင်းအသက်ရှင်နေသရွေ့ စာဖတ်ရန် ဟောပြောသည်။ စာရေးသူက ကလေးများ စာဖတ်စေရန် အမျိုးမျိုးစဉ်းစားဆောင်ရွက်နေကြောင်းကို အကြောင်းစုံဆွေးနွေးသည်။ ထိုအခါ ဆရာကြီးများက ကလေးများကို အစပိုင်းတွင် ဘယ်စာအုပ်ဖတ်ခဲ့၊ ပြန်မေးမယ်၊ ဖြေနိုင်သူ ဆုချမယ် စသည်ဖြင့် စည်းရုံးပြောဆိုရန်အကြံပြုသည်။ ဆရာကြီးများ အကြံပြုသည့်အတိုင်း ဆောင်ရွက်ကြည့်သည့်အခါ ကလေးများ စိတ်ဝင်တစား စာဖတ်လာကြသည်ကို တွေ့ရသည်။ အကယ်စင်စစ် ကလေးများ စာမဖတ်ကြခြင်းသည် မိဘ၊ ဆရာအဖွဲ့အစည်းများက ကလေးများစာဖတ်ချင်လာအောင် ကောင်းမွန်စွာ စတင်ပျိုးထောင်မှုမရှိခြင်းနှင့် ဆိုရှယ်မီဒီယာများ၏ လွှမ်းမိုးမှုကြောင့်ဖြစ်သည်။ အရာရာတွင် အစသည် အလွန်အရေးကြီးသည်။ ကလေးများ စာဖတ်ချင်လာအောင်စီမံပြီး စာဖတ်ရှိန်ရလာအောင် အစပျိုးဆောင်ရွက်ပေးသင့်သည်။

ကလေးများ စာဖတ်လာအောင် ကလေးစာပေပွဲတော်များ ကျင်းပပေးရန်လိုအပ်သည်။ စာရေးသူတို့မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအဖြစ် နတ်တလင်း အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်အဆင့် ကလေးစာပေပွဲတော်ကို ကျင်းပခဲ့သည်။ ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲ၊ ကလေးကဗျာရွတ်ဆိုပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲအလိုက် အမှတ်ပေးဒိုင်များနှင့် စနစ်တကျ ဆောင်ရွက်ပြီး ထူးချွန်သောကလေးများကို ရွေးချယ်ဆုပေးနိုင်ခဲ့သည်။ ပြိုင်ပွဲဝင်ကလေးအားလုံးကို အားပေးချီးမြှင့်သည့်အနေဖြင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများချီးမြှင့်ခြင်း၊ ဆုမရရှိသောကလေးများကို နှစ်သိမ့်ဆုများ အသီးသီးပေးအပ်သည်။ ထိုသို့ ကလေးစာပေပွဲတော်ဖြင့် လှုံ့ဆော်ကြိုးပမ်းမှုကြောင့် စာပေဖတ်ရှုသူကလေးများ တိုးပွားလာပြီး ရလဒ်ကောင်းများပိုင်ဆိုင်ခဲ့သည်။ ထိုရလဒ်ကောင်းတချို့မှာ ကျောင်းသား၊ ကျောင်းသူများ စာစီစာကုံးရေးသားမှု အရည်အသွေးတိုးတက်လာခြင်း၊ အစီအစဉ်တကျ စကားပြောတတ်လာခြင်း၊ ဘက်စုံထူးချွန်စာမေးပွဲများ ကောင်းစွာဖြေဆိုလာနိုင်ခြင်း၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ဗဟိုအဆင့်ထိ ပညာရည်ထူးချွန်သူများပေါ်ပေါက်လာခြင်း၊ ထူးချွန်ဆရာ၊ ဆရာမများ ပေါ်ထွက်လာခြင်း စသည့်ကောင်းကျိုးများ ရရှိခဲ့ခြင်းပင်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ပညာရေးနှင့်ပတ်သက်၍ ဗဟုသုတပြည့်စုံကြွယ်ဝစေရေး၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်၏လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် စာအုပ်စာပေများ လှူဒါန်းဆောင်ရွက်လျက်ရှိသည်။ စာဖတ်ရှိန်မြှင့်တင်ရာတွင် အွန်လိုင်းမီဒီယာများမှ စာပေဖတ်ရှုနိုင်သော်လည်း အဆိပ်အတောက် သတင်းအချက်အလက်များ လွှမ်းမိုးနေသဖြင့် ဘဝအတွက် အမှန်တကယ်အကျိုးရှိစေမည့်စာပေများကို စာကြည့်တိုက်များတွင် ရှာဖွေဖတ်ရှုတတ်ရန် လိုပေသည်။ စာအုပ်စာပေဖတ်ရှုမှုသည်ကား မိမိ၏လူမှုဘဝကို ဖွံ့ဖြိုးတိုးတက်စေသဖြင့် အထောက်အကူဖြစ်စေမည့်စာအုပ်များကို ရွေးချယ်ဖတ်ရှုရမည်ဖြစ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်၍ အမှန်တကယ် အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများ ထားရှိကြရမည်ဖြစ်သည်။ စာပေဖတ်ရှုရန်အတွက် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့်စာပေများထိ ဖတ်ရှုနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတို့က သုတ၊ ရသ စာအုပ်စာစောင်များကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ပုံနှိပ်ထုတ်ဝေလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၏ လှူဒါန်းမှုသည် မွန်မြတ်သည့်အသိပညာဒါနအလှူဖြစ်ပေသည်။ ပြည်သူအားလုံးအနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ရည်ရွယ်ချက်အောင်မြင်စေရန် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မကြာမီကာလတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းအားလုံး စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထိုသို့ ဖွင့်လှစ်သင်ကြားရာ၌ ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သင်ခန်းစာများကောင်းမွန်နိုင်နင်းစွာ ပို့ချနိုင်ရေးအစီအစဉ်များတွင် အခြေခံကျောင်းများ၌ ကျောင်းစာကြည့်တိုက်တွင် စာဖတ်ရန်အတွက် စာကြည့်တိုက်အချိန်ထည့်သွင်းထားပြီးဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ပညာတတ်စေရေး၊ ယဉ်ကျေးလိမ္မာ၍ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ရှိသူများဖြစ်စေရေး၊ ကျောင်းစာကြည့်တိုက်များအသက်ဝင်စေရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **ကလေးစာပေပွဲတော်မှတ်တမ်း**
- **စာကြည့်တိုက်လှုပ်ရှားမှုမှတ်တမ်းများ**

# အိန္ဒိယနိုင်ငံ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၂၃ ဦးထိ မြင့်တက်လာ



**နယူးဒေလီ မေ ၂၉**

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသများတွင် မေ ၂၇ ရက်မှစတင်၍ ရမ်မယ်ဟု အမည်ပေးထားသော အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းကာ မြေပြိုမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် သေဆုံးသူ ၂၃ ဦးထိ မြင့်တက်လာခဲ့သည်ဟု အိန္ဒိယ အာဏာပိုင်အဖွဲ့အစည်းက မေ ၂၈ ရက်တွင် ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် သစ်ပင်ကြီးများ လဲကျခဲ့သလို ဓာတ်တိုင်များလည်း လဲကျခဲ့သည့်အတွက်ကြောင့် မီဇိုရမ်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသများတွင် လျှပ်စစ်မီး ပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် အိန္ဒိယနိုင်ငံ အရှေ့ဘက်ခြမ်း ဒေသများသည် မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး သေဆုံးသူ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက မုန်တိုင်းဒဏ်သင့်ပြည်သူများမလိုလားအပ်သည့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းအမြောက်အမြား စေလွှတ်ပေးထားပြီး အရေးပေါ်အခြေအနေ ထုတ်ပြန်ထားသည့် နယ်မြေများအတွင်းမှ ဒေသခံပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ မုန်တိုင်းဝင်ရောက်ခဲ့ပြီးနောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုကြောင့် မြေပြိုကျမှုများဖြင့် ရင်ဆိုင်နေရသည့် ဒေသခံတချို့ကို ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ရမ်မယ်ဆိုင်ကလုန်းမုန်တိုင်းဟာ အားကောင်းတဲ့အတွက် ပျက်စီးမှုတွေ များခဲ့ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းခဲ့သလို မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်သူတချို့လဲ မြေပြိုကျမှုကြောင့် ပိတ်မိနေကြတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေကတော့ ဒေသခံတွေ ဘေးအန္တရာယ်လွတ်ကင်းဖို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု အိန္ဒိယသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မီဂျာနူရိက ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကုလသမဂ္ဂ၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ကာရေဘီယံရှိကျွန်းနိုင်ငံများသို့ သက်ရောက်မှုမရှိဟု ဘာဘူဒါကျွန်းနိုင်ငံဝန်ကြီးချုပ် ပြောကြား

**လန်ဒန် မေ ၂၉**

ကုလသမဂ္ဂဦးဆောင်သည့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးသည် ကာရေဘီယံရှိ ကျွန်းနိုင်ငံငယ်များသို့ ရောက်ရှိလာခဲ့ခြင်းမရှိသေးကြောင်း ကာရေဘီယံဒေသ၏ အကြီးအကဲဖြစ်သူ အန်တီဂွာနှင့် ဘာဘူဒါကျွန်းနိုင်ငံ၏ဝန်ကြီးချုပ် ဂက်စတန်အယ်ဖွန်ဆိုက ဝေဖန်ပြောကြားသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်၍ ကမ္ဘာ့နိုင်ငံများသည် ရာသီဥတုဖောက်ပြန်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီး အင်အားကြီးနိုင်ငံများကလည်း မိတ်ဖက်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ အင်အားကြီးနိုင်ငံတချို့ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများကို ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပေးလျက်ရှိသကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ဦးဆောင်မှုများဖြင့် ကမ္ဘာ့ဘဏ်အပါအဝင် အင်အားကြီး စီးပွားရေးအုပ်စုတချို့ကလည်း ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိကြသော်လည်း ကာရေဘီယံဒေသရှိ ကျွန်းနိုင်ငံငယ်များတွင် ကာဗွန်ထုတ်လွှတ်မှုမြင့်မားနေပြီး နိုင်ငံတကာ အနေဖြင့် ကာရေဘီယံဒေသရှိ ကျွန်းနိုင်ငံငယ်များအတွက် ကူညီပေးမှုမှာ ယနေ့အထိ သုည ရာခိုင်နှုန်းသာဖြစ်ကြောင်း သိရသည်။

ကာရေဘီယံဒေသရှိ ကျွန်းနိုင်ငံငယ်များသည် ၂၀၁၅ ခုနှစ် ပဲရစ်ညီလာခံကတည်းက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လက်မှတ်ရေးထိုးထားသည့် နိုင်ငံငယ်များဖြစ်ကြသော်လည်း ယနေ့ထိ သဘောတူညီချက်များအတိုင်း အကူအညီ အထောက်အပံ့များ ဘာမှမရသေးဘဲ ကာရေဘီယံဒေသက ကျွန်းနိုင်ငံငယ်များ၌ ရုပ်ကြွင်းလောင်စာ တူးဖော်ထုတ်လုပ်မှုများသာ လာရောက်လုပ်ကိုင်ဆောင်ရွက်နေကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အိုဟိုင်းယိုးပြည်နယ်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုကြောင့် လူ ခုနစ်ဦး ဒဏ်ရာရရှိခဲ့

**ဝါရှင်တန် မေ ၂၉**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် မြို့တော် Youngstown တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုကြောင့် အဆောက်အအုံတစ်ခုပျက်စီးခဲ့ပြီး လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိုဟိုင်းယိုးပြည်နယ် အာဏာပိုင်များက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုဟိုင်းယိုးပြည်နယ် မြို့တော် Youngstown တွင် မေ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံတစ်လုံး ထိခိုက်ပျက်စီးခဲ့ကာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သော လူခုနစ်ဦးကို မီးသတ်သမားများနှင့် ကယ်ဆယ်ရေးဝန်ထမ်းများက Youngstown ရှိ Mercy ကျန်းမာရေးဆေးရုံသို့ အချိန်မီပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် အဆိုပါ ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံ၏မြေညီထပ်တွင် ပိတ်မိနေသော လူတချို့ကိုလည်း ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ဦးတွင် တစ်ဦးသည် စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်ဟု ဆေးရုံပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်း မရှိသေးကြောင်း သိရသည်။



ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားမှုအခြေအနေကို ထိန်းချုပ်နိုင်ခဲ့သော်လည်း လက်တလော၌ အဆိုပါနေရာတွင် နေထိုင်ခြင်းမပြုရန် သတိပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် ရေကြီးမှုကြောင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုပိုင်း နှောင့်နှေးမည်ကို စိုးရိမ်လျက်ရှိ

**ဘရာဇီးလီးယား မေ ၂၉**

ဘရာဇီးနိုင်ငံတောင်ပိုင်းရှိ ရီယိုဂရန်ဒီဒိုဆူလ်ပြည်နယ်တွင် ရေကြီးမှုကြောင့် စာသင်ကျောင်းတချို့ ရေနစ်မြုပ်သွားခဲ့ပြီး ပျက်စီးသွားသော စာသင်ခန်းများကို ပြင်ဆင်မှုများ ပြုလုပ်နေသော်လည်း ကျောင်းသား၊ ကျောင်းသူများသည် ယခုနှစ် ပညာသင်ယူမှုပိုင်းများ နှောင့်နှေးမည်ကို စိုးရိမ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သော ရီယိုဂရန်ဒီဒိုဆူလ်ပြည်နယ်တွင် အစိုးရကျောင်းပေါင်း ၂၀၀၀ ကျော်ရှိပြီး ငါးပုံတစ်ပုံခန့် ပိတ်ထားရသဖြင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၈၅၀၀၀ ခန့်၏ ပညာရေး သင်ကြားမှုပိုင်း အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါပြည်နယ်တွင် ဧပြီလ နှောင်းပိုင်းမှစတင်၍ မိုးရွာသွန်းမှုကြောင့် မြစ်ချောင်းများနှင့် ရေကန်အများအပြား ရေလျှံကာ မိုးရေချိန် စံချိန်တင် မြင့်တက်ခဲ့ပြီး ရေကြီးမှုများကြောင့် အနည်းဆုံး လူ ၁၆၉ ဦးသေဆုံးကာ လူဦးရေ ၅၈၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြည်နယ် တာဝန်ရှိသူများက ပြောကြားသွားခဲ့သည်။

“အကြီးအကျယ်မိုးရွာသွန်းကာ ရေကြီးမှုကြောင့် အခြေခံအဆောက်အအုံတွေ၊ ကျောင်းနေအရွယ်ကလေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအပေါ် သက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ ရေကြီးမှုအခြေအနေက ဆိုးရွားခဲ့တာကြောင့် ကျောင်းနေအရွယ်ကလေးတွေရဲ့စိတ်မှာ ပညာရေးနှောင့်နှေးမှာကို စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်နေကြပါတယ်”ဟု ရီယိုဂရန်ဒီဒိုဆူလ်ပြည်နယ် ပညာရေးအတွင်းဝန် Raquel Teixeira က ပြောကြားခဲ့သည်။

လက်ရှိမှာ စာသင်ကျောင်းများကို ပြန်လည်ပြင်ဆင်တည်ဆောက်မှုများပြုလုပ်နေပြီး စာသင်ကြားမှုများ စတင်မည့် ဇွန်လအစောပိုင်းတွင် ကျောင်းသားများအတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခဲ့မှုများကို ဦးစွာကုစားပေးမည်ဖြစ်ကြောင်း ပြည်နယ် ပညာရေးအတွင်းဝန်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# အမေဇုန်သစ်တောကြိုးဝိုင်းအတွင်းမှ တရားမဝင်လမ်းများကိုဖျက်ဆီးကာ ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကိုလံဘီယာနိုင်ငံ ထုတ်ပြန်

**ဘိုဂိုတာ မေ ၂၉**

ကိုလံဘီယာနိုင်ငံ အမေဇုန်သစ်တောကြိုးဝိုင်းအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထိခိုက်စေနိုင်သော တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သူများ လမ်းပန်းဆက်သွယ်သွားလာရေးအတွက် အသုံးပြုနေသည့် တရားမဝင်လမ်းမများအား ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက စီမံကိန်းဖြင့် ဖျက်ဆီးပိတ်ပင်သွားမည်ဖြစ်ကြောင်းထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းသည် နိုင်ငံအတွင်းရှိ အမေဇုန်သစ်တောကြိုးဝိုင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အလေးထားဆောင်ရွက်လာသလို အမေဇုန်သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် အလုပ်လုပ်ကိုင် ဆောင်ရွက်မှုအားလုံးကိုလည်း ထိထိရောက်ရောက် အရေးယူသွားရန် စီမံချက်များဖြင့် ဆောင်ရွက်လာသည်။ အမေဇုန်သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများ၊ သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ကွက်များ၊ ရွှေတူးဖော်ရေးလုပ်ကွက်များအမြောက်အမြားရှိနေပြီး ကိုလံဘီယာ အာဏာပိုင်အဖွဲ့အစည်းက တရားမဝင် လုပ်ငန်းအားလုံးကို ရပ်ဆိုင်းရန် တရားဝင်အမိန့်ထုတ်ပြန်ထားပြီးဖြစ်သည်။

အဆိုပါလမ်းမများကို အနီးပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသအဖွဲ့အစည်းများက ဖောက်လုပ်ထားခြင်းဖြစ်သော်လည်း ၎င်းလမ်းများကို အသုံးပြုသူများသည် အမေဇုန်သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် လုပ်ငန်းများလုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါလမ်းမကြီးကိုဖျက်ဆီးကာ အသုံးပြုခွင့်တားမြစ်ပိတ်ပင်ခြင်းမပြုလုပ်ပါက အမေဇုန်သစ်တောကြိုးဝိုင်း သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်လာမည်ဖြစ်သကဲ့သို့ အစိုးရ၏ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို နှောင့်နှေးစေမည်ဖြစ်ကြောင်း ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၅-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၉၅၃။ | ဆရာတော် ဦးသုမနကောင်းမှု | ၃၀၀၀၀၀၀ |
| ၈၉၅၄။ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၈၉၅၅။ | (၅၁)ကြိမ်မြောက်နှစ်ပတ်လည်နေ့ ဆရာကန်တော့ပွဲ၊ အလုပ်သင်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)မှ ဘုရားဖူးလာရောက်မိသားစုများကောင်းမှု | ၁၇၀၀၀၀၀ |
| ၈၉၅၆။ | ဦးကျော်မင်းဦးနှင့်ဇနီး ဒေါ်အေလာမင်းဦးမိသားစု ကောင်းမှု | ၉၀၀၀၀၀ |
| ၈၉၅၇။ | ရေတပ်သင်္ဘောကျင်းဌာနချုပ်မှ အရာရှိစစ်သည်များ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၉၅၈။ | ဦးဝင်းသန်းနှင့်ဇနီး ဒေါ်အေးအေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၉၅၉။ | ဦးရဲလင်းမောင်၊ (သား)မောင်ထက်အောင်ဟိန်းမိသားစု ကောင်းမှု | ၄၀၀၀၀၀ |
| ၈၉၆၀။ | ဦးလှထွန်းနှင့်ဇနီး ဒေါ်မြသန္တာထွန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၉၆၁။ | ကွယ်လွန်သူ ဦးအုန်းမောင်နှင့် (သား)ဗိုလ်ကြီးအောင်ကျော်စိုး တို့အားရည်စူး၍ ဒေါ်ခင်လှမြင့်၊ သား၊ သမီးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၈၉၆၂။ | ဦးသန်းမောင်နှင့်ဇနီး ဒေါ်အမာတင်မိသားစုကောင်းမှု | ၁၁၁၁၁၁ |
| ၈၉၆၃။ | ဖခင်ကြီး ဦးလှရွှေမြင့်အားရည်စူး၍ ဒေါ်ခင်ဌေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၈၉၆၄။ | ကိုနိုင်လင်းသူနှင့်ဇနီး မသက်ထက်ငြိမ်း၊ (သမီး)မခင်ငြိမ်းခန့် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၈၉၆၅။ | ကိုမင်းသူထိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၆။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၇။ | ဦးစိုင်းထွန်းနှင့်ဇနီး ဒေါ်သီတာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၈။ | ဦးကံမြင့်နှင့်ဇနီး ဒေါ်ခင်တင့်၊ (သမီး)ဒေါ်စန်းသီဦး၊ (သား)မောင်သီဟ၊ မောင်ပြည့်ပြည့်၊ (သမီး)မရွှေအိမ်စံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၆၉။ | ဖခင်ကြီး ဦးစောသိန်းနှင့် သား၊ သမီး၊ မြေးတစ်စု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၀။ | ကွယ်လွန်သူ ဒေါ်ခင်မြင့်ဆွေအားရည်စူး၍ ကိုဇော်ကိုမျိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၁။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်တင်တင်ခိုင်၊ (သား)မောင်အောင်ကောင်းခန့်၊ မောင်အောင်ဟိန်းခန့်၊ (သမီး)မအင်ကြင်းမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၂။ | ဦးညီညီနိုင်နှင့်ဇနီး ဒေါ်နှင်းသန္တာစိုး၊ (သမီး)မမြဖူးမိုမို၊ (သား)မောင်စွမ်းထက်ညီညီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၃။ | ကွယ်လွန်သူသမီးကြီး မဖြူအေးမောင်မောင်(ခ)ပုံပုံအား ရည်စူး၍ ဦးမောင်မောင်ကြည်နှင့်ဇနီး ဒေါ်ခင်အေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၄။ | ကွယ်လွန်သူဖခင် ဦးမောင်ဌေးအားရည်စူး၍ သား၊ သမီး၊ မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၅။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်မာရီ၊ (သား)ကိုအောင်မျိုးသန့်၊ ကိုနေမျိုးကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၆။ | အနန္တော၊ အနန္တငါးပါးနှင့် ခင်ပွန်းကြီးဆယ်ပါးအားရည်စူး၍ ဒေါ်ဝင်းဝင်းအေး၏မွေးနေ့အလှူကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၇။ | အ. မ. က(၁၃)မှ ဆရာမ ဒေါ်စိန်အေးနှင့် ဒေါ်စန်းစန်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၈။ | ဦးအောင်သင်းနှင့်ဇနီး ဒေါ်တင်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၇၉။ | ကွယ်လွန်သူဖခင်ကြီး ဦးမောင်ကိုနှင့် မိခင်ကြီး ဒေါ်စက်ရီ တို့အားရည်စူး၍ သမီး ဒေါ်နွဲ့နွဲ့ဝင်းကောင်းမှု | ၉၃၀၀၀ |
| ၈၉၈၀။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၈၉၈၁။ | အောင်မင်္ဂလာသီလရှင်စာသင်တိုက်၊ ဆရာလေး ဒေါ်ဝဏ္ဏေသီ မွေးနေ့ကောင်းမှု | ၇၀၀၀၀ |
| ၈၉၈၂။ | ကွယ်လွန်သူ ဦးမင်းဟန်ကြည်၊ မောင်မင်းသူအောင်၊ မောင်မင်းရဲကျော်တို့အားရည်စူး၍ ဒေါ်စန်းစန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၃။ | ဦးနိုင်ဝင်းကျော်နှင့်ဇနီး ဒေါ်မိုးမိုးဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၄။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်စိန်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၅။ | ဦးကျော်သူနှင့်ဇနီး ဒေါ်နိုင်ဇင်ယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၆။ | ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး ဒေါ်ဇင်မီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၇။ | ဒုတိယရဲမှူးသန်းနိုင်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၈။ | ဒေါ်အေးအေးမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၈၉။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်မျိုးမျိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၀။ | ဦးလွင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၁။ | ဦးလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၂။ | ဒေါ်ယုဝတီတင်လှမိုး၊ ဒေါက်တာအေးချမ်းစိမ့်နှင့် မအိမျက်ချယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၃။ | ဦးသာစိုးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၄။ | ဦးသောင်းဉာဏ်လင်းနှင့်ဇနီး ဒေါ်ညိုမိထွန်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၅။ | ဒေါ်နန်းကြည်ကြည်ဝင်းကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၆။ | ဦးမျိုးမြင့်ဦးနှင့်ဇနီး ဒေါ်သွယ်သွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၇။ | ဦးအောင်ကျော်မိုးနှင့်ဇနီး ဒေါ်သက်မာထွန်း၊ (သမီး)မမေသူကျော်၊ (သား)မောင်ညီအုပ်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၈။ | ဦးသန့်ဇင်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းသွယ်၊ (သမီး)မသဇင်ဖြူ မစံပယ်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၉၉၉။ | ဦးအေးကျော်နှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၀။ | ဦးတင်အောင်မိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၁။ | ဦးလင်းလင်းထွန်းနှင့်ဇနီး ဒေါ်သီတာလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၂။ | ကိုအေးမင်းသန်းနှင့်ဇနီး မစန်းနုယဉ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၃။ | ကွယ်လွန်သူဖခင်ကြီး ဦးကြည်အောင်အားရည်စူး၍ မိခင် ဒေါ်ခင်ခင်လေးအားအမှူးထား၍ ဦးဇော်လွင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဌေး၊ (သား)မောင်အောင်ကောင်းမြတ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၄။ | ဦးသန်းထိုက်နှင့်ဇနီး ဒေါ်သင်းသင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၅။ | ဦးရာဇာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၀၆။ | ဦးခင်မောင်ဌေးနှင့်ဇနီး ဒေါ်ဥမ္မာကြည်၊ (သား)မောင်ဖြိုးကျော်သူ၊ (သမီး)မစုယမင်း၊ မမေပြည့်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန







## ကန့်ကွက်နိုင်ကြောင်းအများသိရှိနိုင်ရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြေကွက်အမှတ် လလ-၁၃/၄၇၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်သည် ၁၉၉၅ ခုနှစ် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က ဦးစိုးဝင်း(လက်ထောက်မန်နေဂျာ)တိုင်းအခြေစိုက်ဆက်သွယ်ရေးစခန်း(စာတိုက်) မန္တလေးသို့ ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ရောင်း/ဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့် အထွေထွေကိုယ်စားလှယ်လွှဲစာများနှင့် ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်ထားသူ ပြည်ကြီးတံခွန်မြို့နေ ဦးထွန်းမင်းလတ် (၉/တတဥ(နိုင်)၁၂၆၅၅၉) ကိုင်ဆောင်သူထံမှ ဦးတင်လင်းအောင် (၉/အမရ(နိုင်)၁၄၆၁၀၇)ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ရောင်း/ဝယ်ကိစ္စကို ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ဦးတင်လင်းအောင် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (၁၅)ရက်အတွင်း ကန့်ကွက်မှုမရှိလျှင် အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးတင်လင်းအောင်(၉/အမရ(နိုင်)၁၄၆၁၀၇)**
**ကျန်တန်းရပ်၊ အမရပူရမြို့။ 09-769626786**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက(စဉ့်ကိုင်)၊ Grade-10 (E) မှ မသွယ်သွယ်စိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးစိုး ဖြစ်ပါကြောင်း။

**ဦးစိုးစိုး (၉/စကတ(နိုင်)၁၁၈၀၄၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ ပန်းအိုင်(အ. ထ. က)၊ နဝမတန်း (C) မှ မခွာညိုသင်း ၏ဖခင် ဦးမျိုးလင်း နှင့် ဦးလင်းလင်းလတ် (၉/မလန(နိုင်)၁၁၀၀၅၅) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးလင်း(ခ)ဦးလင်းလင်းလတ်**
**(၉/မလန(နိုင်)၁၁၀၀၅၅**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ Grade-9 (အောင်) မှ မောင်အောင်ကျော်ဇင် နှင့် Grade-1 (အောင်)မှ မောင်ဟိန်းမင်းထက်ဇော် တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဆာရ်နတ်လင်ဖူး ဖြစ်ပါကြောင်း။

**ဦးဆာရ်နတ်လင်ဖူး(၉/မမန(နိုင်)၀၀၂၀၈၉)**

## ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ (၄)ရပ်ကွက်၊ သုတလမ်းနေ စည်သူနိုင် (ဘ) ဦးဘုန်းနိုင်ငယ် (၃/ဘအန(နိုင်)၂၇၆၂၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-440523) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၇၆၁၆၁၁၉၂**

**စာအုပ်**

**စာပေ**

**လူ့မိတ်ဆွေ**

“အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၄)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၉**

စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၄)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

